# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၀

ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြင့်ကြိုင်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း | စာ - ၄

ဆောင်းလေအေးလေး ထိတွေ့ရေး နံနက်ခင်းတိုင်း လမ်းလျှောက်ပေး — ဆောင်းပါး | စာ - ၈

ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မက်တာက ဝန်ထမ်းအရေအတွက် ၁၁၀၀၀ ကျော် လျှော့ချ — နိုင်ငံတကာသတင်း | စာ - ၁၄

အိန္ဒိယပို့ကုန်များ ဝယ်လိုအား ကျဆင်းလာ၍ ထုတ်လုပ်မှု လျှော့ချနေရ — ကုန်သွယ်စီးပွား | စာ - ၁၇

မြန်မာ့အလင်း

# တရားဥပဒေစိုးမိုးရေးတွင် အများပြည်သူပူးပေါင်းပါဝင်

ရန်ကုန်မြို့တွင် မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းဖြစ်သည့် YBS ယာဉ်လိုင်းအမှတ် (၆၁) ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များထံမှ လက်ကိုင်ဖုန်းများကို အုပ်စုဖွဲ့ရိုက်နှက်လုယက်မှုကျူးလွန်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခဲ့သည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများပေါ်တွင် ခါးပိုက်နှိုက်သည့်အဆင့်မှ အတင့်ရဲစွာဖြင့် အုပ်စုဖွဲ့ရိုက်နှက်လုယက်မှုများအထိ ကျူးလွန်လာကြသည့်အပေါ် လူမှုကွန်ရက်များတွင် ထုတ်ဖော်မှုများ၊ ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။

မိမိတို့နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကာလတွင် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများ၊ အွန်လိုင်းပေါ်မှ ခြိမ်းခြောက်မှုများ စသည်တို့ကြောင့် ပြည်သူများအတွင်း စားဝတ်နေရေးအတွက် နိစ္စဓူဝသွားလာလုပ်ကိုင်မှုများကို စိုးရိမ်ကြောင့်ကြမှုများကြားမှပင် မဖြစ်မနေဆောင်ရွက်နေကြရသည်။ ယင်းအခြေအနေမျိုးတွင် မြေပြင်ရာဇဝတ်မှုများ ကင်းမှောင့်ဆိုသကဲ့သို့ပင် ဒုစရိုက်သမားများ၏ အတင့်ရဲရမ်းကားမှုများက ပြည်သူလူထုအတွက် နောက်ထပ်စိုးရိမ်ရေမှတ်ကို မြင့်တက်လာစေသည်။ ပြည်သူအများ ပရိယေသနဝမ်းစာရှာဖွေရာတွင် အေးချမ်းစွာ သွားလာလုပ်ကိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးမှု အားကောင်းနေစေရန် လိုအပ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားရာ၌ "တိုင်းပြည်သာယာဝပြောတယ်ဆိုတာ ငွေကြေးချမ်းသာဖို့လည်း ရှိလိမ့်မယ်၊ စိတ်ချမ်းသာဖို့လည်းလိုတယ်၊ ငွေချမ်းသာဖို့၊ စိတ်ချမ်းသာဖို့လိုတယ်။ တရားဥပဒေစိုးမိုးရေးဖြစ်ဖို့လည်းလိုတယ်။ ဒါမှတိုင်းပြည်သာယာဝပြောမှာပေါ့။ ဒါမှ မဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့။ ငွေကတော့ ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေါ့။ ငါ့ပစ္စည်းဘယ်အချိန် ဘာလုမလဲဖြစ်နေရမှာ။" ဟူ၍ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ရန် အလေးအနက်ထည့်သွင်းမှာကြားခဲ့သည်။

မြို့ပြဒေသများတွင် ဒုစရိုက်နှိမ်နင်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ရဲတပ်ဖွဲ့၊ ဥပဒေအဖွဲ့အစည်းများ၊ ရပ်ရွာလုံခြုံရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အချိန်တိုတိုအတွင်း အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ ယခု YBS (၆၁) ယာဉ်လိုင်း လုယက်မှုဖြစ်စဉ်ကဲ့သို့ပင် လျင်လျင်မြန်မြန် ဖော်ထုတ်ဖမ်းဆီးကာ ထိထိရောက်ရောက် အရေးယူအပြစ်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း တရားဥပဒေစိုးမိုးမှုကို မြင့်မားစေရမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝ လှုပ်ရှားသွားလာနေကြသည့်အခါ လုံခြုံရေးအသိ၊ သတိရှိရန်နှင့် အရေးကြုံပါက တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်ကြရန် လိုအပ်သကဲ့သို့ အများသုံးယာဉ်လိုင်းများနှင့် အများပြည်သူသွားလာသည့်နေရာများတွင် သတိပေးစနစ်များ၊ ဒုစရိုက်မှုနှိမ်နင်းရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တပ်ဆင်ခြင်း၊ အများပြည်သူပါဝင်သည့် လုံခြုံရေးစနစ်အကောင်အထည်ဖော်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှု ပိုမိုမြင့်မားပါစေကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နံတော်စဉ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်း ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တိပိဋက ကမ္ဘောဇပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ခြေတော်ရာကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ(ညောင်ပင်သာ) ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ဇမ္ဗျားကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မဟာဝိသုတာရာမ (အလယ်)ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဏ္ဍာလာရာမပြည်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လဲလောင်းအောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ တောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

## ဦးတင်မောင်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးတင်မောင်ဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## သန်လျင်သဘာဝတရားရိပ်သာသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**သန်လျင် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က သန်လျင်သဘာဝတရားရိပ်သာသို့ ဆက်ကပ်လှူဒါန်းသော ဆွမ်းဆန်တော်အိတ် ၅၀၀ လွှဲပြောင်းဆက်ကပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စုရှိ



သန်လျင်သဘာဝတရားရိပ်သာ သတိပဋ္ဌာန်ဓမ္မာရုံ၌ ကျင်းပသည်။

အစီအစဉ်အရ အခမ်းအနားကို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်ထံ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းသော ဆွမ်းဆန်တော်များအား သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ဆက်ကပ်လှူဒါန်းပြီးနောက် သန်လျင်သဘာဝတရားရိပ်သာ အထွေထွေအတွင်းရေးမှူး ဦးအောင်ကျော်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ခရိုင်နှင့်မြို့နယ်များသို့ ပြန်လည်ပေးအပ်သည်။

ယင်းနောက် သန်လျင်သဘာဝတရားရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရထံမှ အနုမောဒနာရေစက်ချတရားနာယူခဲ့ကြောင်း သိရသည်။ **သန်းဝင်း (သန်လျင်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၂-၁၁-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် **အတွဲ (၅၄)၊ အမှတ် (၄၆) တွင် ဗြိတိသျှပညာရေးမင်းကြီး၏ တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက လက်မခံ၍ သပိတ်မှောက် ကန့်ကွက်ဆန္ဒပြခဲ့သောနေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ထားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးအေး သိလိုက်ရသော အမျိုးသားနေ့" မျက်နှာဖုံးကာတွန်း၊** ဆေးပညာရပ်တွင် အသိပညာနှင့် အတတ်ပညာရပ်တို့ပါရှိပြီး လူ့အသက်များကို ကယ်တင်ခြင်း၊ ဆင်းရဲဒုက္ခရောက်မှုကို သက်သာစေခြင်း၊ ဖျားနာနေသော လူနာများ၏ စိတ်ပူပင်ဆင်းရဲမှုကို လျော့နည်းစေခြင်းစသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့်အကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "လေ့လာစရာ ဆေးပညာရပ်ဆိုတာ" သုတကဏ္ဍ၊ ပန်းသီးတစ်လုံးအတွက် အချင်းချင်းအငြင်းမပွားကြဘဲ အားလုံးညီတူညီမျှဖြစ်စေရန် ဖြူကောင်က ခွဲဝေပေးပုံအကြောင်း ရေးဖွဲ့ထားသည့် "ညီတူမျှတ" နှစ်မျက်နှာကာတွန်း၊ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အရန်ဘောလုံးကောက်အဖြစ် ရွေးချယ်ခံရသည့် ရန်ပိုင်စိုးအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "ရန်ပိုင်စိုး" တစ်မျက်နှာကာတွန်း၊ ရွာသားတစ်ယောက်သည် မြို့မှပြန်လာရာလမ်းတွင် မောချ ရေဆာသဖြင့် အရိပ်ရသော သစ်ပင်ကြီး၏အောက်တွင် နားနေပြီး သောက်ရေအိုးစင်ကရေကို ယူသောက်ပြီးနောက် ထိုသစ်ပင်ကြီး၏အကိုင်း၊ အခက်များကို ခုတ်၍ သယ်ဆောင်သွားသည့်အပြင် သောက်ရေအိုးကိုပါ ယူသွားသည့်အကြောင်း ရေးဖွဲ့ထားသည့် "အရိပ်နေနေ၊ အခက်ချိုးချိုး" နှစ်မျက်နှာကာတွန်း၊ ဉာဏ်စမ်းမေးခွန်းသုံးခုကို ဦးကေဂျီးအား မေးမြန်းထားသည့်အကြောင်းကို တင်ဆက်ထားသည့် "အိမ့်နှစ်" နှစ်မျက်နှာကာတွန်း၊ မြန်မာစာပေ၊ မြန်မာစကားကို ထိန်းသိမ်းစောင့်ရှောက်ရန် ဘိုးဘွားအမွေအနှစ်ဖြစ်သော မြန်မာပြည်ကို ချစ်မြတ်နိုးရန်နှင့် ကျွန်ခေတ်ပညာရေးစနစ်ကို လက်မခံဘဲ ကျောင်းသားများ သပိတ်စမှောက်ခဲ့သည့် သမိုင်းဝင်အမျိုးသားနေ့ကို ဂုဏ်ပြုရေးဖွဲ့ထားသည့် "အမျိုးသားနေ့ တို့မမေ့" ကဗျာကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


❍ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အမှားများကဲ့သို့ မဖြစ်စေရေး အဓိကထားဆောင်ရွက်နိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

**အဆင့်ဆင့်ဆောင်ရွက်နေခြင်းဖြစ်**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အဓိကမှားယွင်းသည်များမှာ နိုင်ငံသား စိစစ်ရေးကတ်များ စနစ်တကျမရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ဖောင်းပွခြင်းနှင့် တစ်ဦးတည်းက ဆပွားပုံစံဖြင့် ဆောင်ရွက်သည့် ကိစ္စရပ်များကြောင့် မဲစာရင်းများ မမှန်မကန်ဖြစ်ပြီး ရလဒ်အဖြေများ မှားယွင်းခဲ့သည့် ကိစ္စရပ်များဖြစ်ကြောင်း၊ ထို့ကြောင့် မဲစာရင်းများ မှန်ကန်စေရန် ပထမအဆင့်အနေဖြင့် နိုင်-၄ နှင့် ပတ်သက်သည့် စာရင်းဇယားများကို အတိအကျဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ စတင်ထုတ်ပေးသည်မှ နောက်ဆုံးအချိန်အထိ ကောက်ယူရရှိသည့် စာရင်းဇယားများအရ ၅၂ သန်းကျော်ရှိကြောင်း၊ သက်ဆိုင်ရာကွန်ပျူတာပညာရှင်များနှင့် ဆော့ဝဲလ်များကို အသုံးချ၍ စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် နိုင်-၄ ကိစ္စ စိစစ်ဆောင်ရွက်သည့်အခါ တစ်ဦးတည်းမှ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပိုမိုကိုင်ဆောင်သူ အရေအတွက်သည် ၅ သိန်းကျော်ရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံသားစိစစ်ရေးနံပါတ်ရှိပြီး အချက်အလက်များ မစုံလင်သည့်နိုင်ငံသားစိစစ်ရေးကတ် ၁ သန်းကျော် တွေ့ရကြောင်း၊ ထိုသို့သောကိစ္စရပ်များသည် အစိုးရအဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းမှုများဖြစ်ပြီး နိုင်ငံအတွက်များစွာ အန္တရာယ်ရှိသည့် ကိစ္စရပ်များဖြစ်သည့်အပြင် e-Government လုပ်ငန်းစဉ်အတွက် အခြေခံအချက်အလက်များ မပြည့်စုံသည့် အန္တရာယ်လည်းဖြစ်ကြောင်း၊ "မြေမျို၍ လူမျိုးမပျောက်၊ လူမျိုးမှသာ လူမျိုးပျောက်မည်" ဖြစ်ကြောင်း၊ ထိုသို့သော မှားယွင်းမှုများ ထပ်မံမဖြစ်ပွားစေရန် ယခုကဲ့သို့ ထိန်းချုပ်ရန် အဆင့်ဆင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် စိစစ်ပြီးနောက် တွေ့ရှိရကြောင်း၊ အိမ်ထောင်စုစာရင်းတွင် မိသားစုအမည်သာရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူ ၂၂ သန်းကျော် တွေ့နေရကြောင်း၊ အသက် ၁၈ နှစ်အထက် ၁၄ သန်းကျော်သည် ပုံစံ ၆၆/၆ တွင် နိုင်ငံသား စိစစ်ရေးအမှတ်များ မဖြည့်ထားကြောင်း၊ အဆိုပါအချက်များသည် လူကြောင့်အမှားဖြစ်နိုင်သလို စာရင်းဇယား၊ အချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ဝန်ထမ်းများနှင့် သက်ဆိုင်ရာကာယကံရှင်များ၏ အားနည်းချက်များကြောင့်လည်း ဖြစ်နိုင်သည်ကို တွေ့ရပါကြောင်း၊ သို့ဖြစ်၍ တတိယ




ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

ပုံစံ -၆၆/၆ ကို Software နည်းပညာဖြင့် စစ်ဆေးသည့်အခါ ထုတ်ပေးစာရင်းစုစုပေါင်းမှာ ၁၃ သန်းကျော် စာရင်းတွေ့ရကြောင်း၊ အဆိုပါ ပုံစံ-၆၆/၆ အိမ်ထောင်စုစာရင်းများကို စိစစ်ရာတွင် သေဆုံးသွားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားသို့ ရောက်ရှိသွားကြသူများနှင့် နိုင်ငံခြားသားအဖြစ် ခံယူထားသူများစသည်ဖြင့် စာရင်းများကိုလည်း အဆင့်သွားသည့်အခါ အထက်ပါမှားယွင်းမှုများကို မြေပြင်တွင် သေချာစွာစိစစ် ပြုပြင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ စာရင်းသွင်းခြင်း၊ စစ်ဆေးပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဝန်ကြီးချုပ်များဦးစီး၍ ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကွန်ပျူတာပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအပြင် လုံခြုံရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အမြန်ဆုံး မြေပြင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်မှသာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်မည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းများ အမှန်တကယ်ပြုစုနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မှန်ကန်စွာ စာရင်းဇယားကောက်ယူနိုင်မှသာ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်တွင် မှန်ကန်သည့် အချက်အလက်များ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်-၄ ၊ ပုံစံ ၆၆/၆ ကိစ္စရပ်များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူသည့်အခါ မသန်စွမ်းအမျိုးအစား (၄) မျိုးကိုလည်း သေချာစွာ ရေးသားဖော်ပြနိုင်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ရှင်းလင်းဆွေးနွေးတင်ပြစဉ်။

**လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

- ❑ **သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူဦးရေစာရင်း တိကျမှန်ကန်ရေး ဆောင်ရွက်ကြရမည်**
- ❑ **ထိုသို့တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်မည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မဲစာရင်းများ အမှန်တကယ်ပြုစုနိုင်မည်**
- ❑ **ထိုသို့မှန်ကန်စွာ စာရင်းဇယားကောက်ယူနိုင်မှသာ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်တွင် မှန်ကန်သည့် အချက်အလက်များ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်-၄၊ ပုံစံ ၆၆/၆ ကိစ္စရပ်များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူသည့်အခါ မသန်စွမ်းအမျိုးအစား (၄) မျိုးကိုလည်း သေချာစွာရေးသားဖော်ပြနိုင်ရန်လို**

## မြင်းခြံခရိုင်အတွင်း မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စေရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ



ညောင်ဦး နိုဝင်ဘာ ၁၀

မြင်းခြံခရိုင်အတွင်း မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေး၊ မဲရုံများလျာထားသတ်မှတ်ရေးနှင့် မဲရုံသုံးပစ္စည်းလိုအပ်မှုများအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မိုးမြင့် က မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် ပြုစုထားရှိသည့် အခြေခံလူဦးရေစာရင်းဇယားများ မှန်ကန်ရေး၊ မဲရုံလျာထားမှု အဆင်ပြေစေရေး၊ မဲရုံသုံးပစ္စည်း လိုအပ်မှုများ အဆင်ပြေစေရေး၊ ရွေးကောက်ပွဲ အောင်မြင်ရေးတို့အတွက် လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ဦးဘရန်ရှောင်တို့က မြို့နယ်များအတွင်း မဲဆန္ဒနယ်မြေ၊ မဲဆန္ဒရှင်စာရင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ဆွေးနွေးသည်။ ထို့နောက် မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာမြို့နယ်များရှိ မဲဆန္ဒရှင်စာရင်းများနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ မြင်းခြံခရိုင်တွင် ခန့်မှန်း မဲဆန္ဒရှင်စာရင်း (၆၇၈၂၆၁) ဦးရှိပြီး လျာထားမဲရုံ အရေအတွက်(၉၅၉) ရုံရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး နိုင်ဝင်းလှ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ဗညားလယ်တို့ တက်ရောက်ကြသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော် မှုများ (ဇယား -၂) နှင့်ပတ်သက်၍ တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားများ၊ လိုလားချက်များကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အထွေထွေဆွေးနွေးခြင်းအနေဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက်နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**




နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြစဉ်။

# ဟိုပုံးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်

**ဟိုပုံး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က ကျောက္ကချားကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ဟိုပုံးမြို့နယ် ကျေးလက်ဒေသအတွင်းရှိ ကျေးလက်နေဒေသခံ စိုက်ပျိုးရေးတောင်သူများ၏ သီးနှံများ (တစ်ဧက) အထွက်နှုန်းမြင့်မားရေးနှင့် အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ မွေးမြူရေးတောင်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြင့်မားရေး လုပ်ငန်းများကို ခေတ်မီနည်းစနစ်တကျ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလွင်မြင့်က စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာပေး သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကောင်းချစ်ထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေး ချေးငွေများနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားရာ ဒေသခံပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် လိုအပ်သည်များကို ပြန်လည်ပြောကြား ဆွေးနွေးခဲ့သည်။ အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးဖြင့် နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၅ ရက် အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# နိုဝင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ (၁ ဒသမ ၅) ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ (၁ ဒသမ ၅) ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဂဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့ မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသော ဝန်ထမ်းများအား မိသားစုသဖွယ် အသိအမှတ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ဂုဏ်ပြုနေ့လယ်စာစားပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

**အသိအမှတ်ပြု အလေးထား**

နေ့လယ်စာစားပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းများသည် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စေရန် အဆင့်အလိုက် ပူးပေါင်းဆောင်ရွက်နေကြသည့် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြောင်း၊ ယခုအချိန်၌ ပေးအပ်သည့် တာဝန်များကို ရဲဘော်ရဲဘက်စိတ် အပြည့်ထားရှိပြီး တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၏ တာဝန်ကျေပွန်မှု၊ လုပ်ငန်းများအား စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ သစ္စာရှိရှိ စိတ်ဝင်တစားလုပ်ဆောင်နေမှုများကို အသိအမှတ်ပြု အလေးထားပါကြောင်း ပြောကြားသည်။

**နေ့လယ်စာ သုံးဆောင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အမှုထမ်း၊ အရာထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်စဉ်။



# တောင်ကြီးမြို့၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ စူဠာမုနိလောကချမ်းသာစေတီတော်ရင်ပြင်၌ တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဒိုင်အဖွဲ့များ၊ ဆုရရှိကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်နားပန် မီးပုံးပျံ လွှတ်တင်ပူဇော်ခဲ့ကြသော အေးသာယာမြို့နှင့်တောင်ကြီးမြို့တို့မှ ယှဉ်ပြိုင်ခဲ့ကြသော ခြေ နှစ်ချောင်း၊ ခြေ လေးချောင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲတွင် ပါဝင်ခဲ့ကြသော တောင်ကြီးမြို့ပေါ် (၂၂) ရပ်ကွက်မှ အဖွဲ့များ၊ ဒိုင်အဖွဲ့များနှင့် မီးဆရာအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ပုံ)** ထို့နောက်တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအား မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးသီးမြို့နယ် ဖာခီးကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား နယ်မြေခံဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးနေမှုများကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် ဖာခီးကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူ ၅၅ ဦးအား ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုး/အကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မတူပီမြို့၌ ပြည်သူ့စာကြည့်တိုက်လုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မတူပီ နိုဝင်ဘာ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မတူပီခရိုင်ရုံးဝန်ထမ်းများအနေဖြင့် ပြည်သူကို ဗဟိုပြုသောအများပြည်သူဝန်ဆောင်မှု လုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအား အသိပညာဗဟုသုတ တိုးပွားစေရန်ရည်ရွယ်၍ မတူပီခရိုင်ပြည်သူ့စာကြည့်တိုက်လုပ်ငန်းကို နိုဝင်ဘာလမှစ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မတူပီခရိုင်ရုံးရှိ ပြည်သူ့စာကြည့်တိုက်တွင် လူကြီးစာဖတ်ခန်းနှင့် ကလေးစာဖတ်ခန်းဟူ၍ စာဖတ်ခန်း နှစ်ခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စာဖတ်ပရိသတ်များ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်လာသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ "မတူပီခရိုင် ပြည်သူ့စာကြည့်တိုက်ကို ပြည်သူလူထုက စိတ်ဝင်စားသော နေရာ၊ ပြည်သူများ အသိပညာ ဆည်းပူးရာနေရာ၊ ပြည်သူများ အပန်းဖြေနေရာအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်" ပုံဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မတူပီခရိုင်ဦးစီးမှူး ဒေါ်ရွှေရည်တင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်တွင် နိုဝင်ဘာ ၉ ရက်က စာဖတ်ပရိသတ် ၂၀ လာရောက်ဖတ်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒေသဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး ဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံက လာမည့်ဒီဇင်ဘာလတွင် တာဝန်ယူကျင်းပသွားမည်







နေပြည်တော် နိုဝင်ဘာ ၁၀

**ဒေသဆိုင်ရာစားနပ်ရိက္ခာဖူလုံရေး (Regninal Agricultural on Food Security) ဆွေးနွေးပွဲကို လာမည့်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက တာဝန်ယူကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ယနေ့ အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ၍ Video Conferencing စနစ်ဖြင့် ကျင်းပသည့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ၏ ဒုတိယအကြိမ် အစည်းအဝေး (2nd BAMM)တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များက စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်တည်တံ့၍ အကျိုးအမြတ် ရရှိစေရန်နှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဆုံးဖြတ်ထားမှုကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် ဒေသဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး (Regninal Agricultural on Food Security) ဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံကလာမည့် ဒီဇင်ဘာလတွင် တာဝန်ယူကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းအစည်းအဝေးသို့ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် Mr.Tenzil Lekphell ၊ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးကြသည်။

**ပုဂ္ဂလိကကဏ္ဍမြှင့်တင်ပေး**

အဆိုပါ အစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံက ကြီးမှူးကျင်းပခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP) အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်၏ ဘုံစီမံကိန်းတစ်ခုဖြစ်သည့် တန်ဖိုးမြင့်ထွက်ကုန်များ ထုတ်လုပ်ရေးတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်လာရေး မူဝါဒနှင့်အညီ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ထွန်းကားလာရေးအပါအဝင် ပုဂ္ဂလိကကဏ္ဍကို ဘက်စုံမှ မြှင့်တင်ပေးလျက်ရှိကြောင်း၊ အလားတူ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပင်ဇီဝနည်းပညာများ၊ အပင်မျိုးဗီဇဆိုင်ရာ နည်းပညာများ၊ Digital Agricultural နည်းပညာများကို တီထွင်ဆန်းသစ် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း။

**နိုင်ငံတကာဈေးကွက်တင်ပို့**

ကိုဗစ်-၁၉ အပါအဝင် စိန်ခေါ်မှုများစွာရှိနေသည့် ယခုကာလတွင် လယ်ယာကဏ္ဍသည် ထိခိုက်မှု အနည်းဆုံးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံမှုကို များစွာ အထောက်အကူ ပြုနိုင်လျက်ရှိသကဲ့သို့ နိုင်ငံတကာဈေးကွက်သို့လည်း တင်ပို့ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ကုန်သွယ်မှုအဟန့်အတားများ ဖြေလျှော့နိုင်ရေး ကြိုးပမ်းသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် အစည်းအဝေး၌ ဘင်းမ်စတက်စိုက်ပျိုးရေး အဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ် အစည်းအဝေး (2nd SOM-A)က တင်ပြလာသည့် အစီရင်ခံစာအား အတည်ပြုခြင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) နှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ ဘင်းမ်စတက် အဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာနှင့် မူဝါဒ သုတေသနဆိုင်ရာ အဖွဲ့အစည်းတို့အကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ တတိယအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေး အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကျင်းပမည့် နေရာနှင့် နေ့ရက်သတ်မှတ်ခြင်း၊ ဒုတိယအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲကြေညာချက် အတည်ပြုခြင်းတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ကျင်းပခဲ့သည့် ဘင်းမ်စတက် စိုက်ပျိုးရေး အဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ် အစည်းအဝေး Second Senior Official's Meeting on Agriculture (2nd SOM-A)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး အဌမအကြိမ် ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေး အစီရင်ခံစာ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ နဝမအကြိမ် ဘင်းမ်စတက် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှု ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးအစီရင်ခံစာ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဘုံစီမံကိန်း ခုနစ်ခု၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဘင်းမ်စတက် စိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇) အား ဆွေးနွေးခြင်း၊ ဘင်းမ်စတက် အဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာနှင့် မူဝါဒ သုတေသနဆိုင်ရာ အဖွဲ့အစည်းတို့အကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍခွဲအား ဒုတိယအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ၏ ကြီးကြပ်မှုအောက်တွင် ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ နိုဝင်ဘာ ၆ ရက်က စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(ယာပုံ)**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အလုပ်ရုံခွဲများအလိုက် လျှပ်စစ်နှင့် သက်ဆိုင်သည့် ပြုပြင်ရမည့် အစိတ်အပိုင်းများကို အချိန်မီပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးသည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ပတ်သက်၍ ထိန်းသိမ်းရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရန်၊ ခွင့်ပြုဘဏ္ဍာရန်ပုံငွေများ အလေအလွင့်မရှိစေရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် စက်ရုံစတင်လည်ပတ်ပါက လျှပ်စစ်ခတ်အား ပြတ်တောက်မှုမရှိစေရေး ကြိုတင်စီမံထားရန်၊ လိုအပ်သော ကုန်ကြမ်းများကို ကြိုတင်စုဆောင်း၍ စနစ်တကျထိန်းသိမ်းထားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် ခေတ္တစက်ရုံမှူးနှင့် တာဝန်ရှိသူတို့က အလုပ်ရုံအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) အလုပ်ရုံခွဲအသီးသီးရှိ စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှု၊ Grizzily with double desk vibrating screen (250 Ton/Hour) တည်ဆောက်ရန် မြေပြုပြင်ခြင်း၊ Waste Heat Boiler တွင် Wall Tube များကို Magnetic Particle Testing(MT) နှင့် Ultrasonic Testing(UT) ဆောင်ရွက်မှု၊ Heat Recovery Power Station တွင် 11 kV Cable များကို DC Hi-pot Testing ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

မြန်မာယူ-၂၂ အသင်းသည် ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ထားပြီး ပြိုင်ပွဲတစ်ခု ယှဉ်ပြိုင်ခါနီးတိုင်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ နိုဝင်ဘာလလယ်တွင် ပြီးဆုံးမည်ဖြစ်သောကြောင့် မြန်မာ ယူ-၂၂ အသင်းသည် လေ့ကျင့်မှုပြည့်ဝစေရန် အချိန်ယူလေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းယှဉ်ပြိုင်မည့် ပြိုင်ပွဲများအနက် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေလ၊ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲကို စက်တင်ဘာလ၊ အာရှအားကစားပြိုင်ပွဲကို အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်ပြီး အာဆီယံ ယူ-၂၂ ပြိုင်ပွဲကျင်းပမည့်ရက် သတ်မှတ်ရခြင်းမရှိသေးသော်လည်း ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် ကျင်းပဖွယ်ရှိနေသည်။ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်ဖြစ်သူ ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်သည် နိုင်ငံတကာပြိုင်ပွဲများအတွက် ရွေးချယ်ထားသည့် ပဏာမကစားသမား ၆၀ စာရင်းကို ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ပြီး ပြိုင်ပွဲတစ်ခုချင်းစီအတွက် ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်သည်။ နည်းပြချုပ် ပိုပေါ့ဗ် ထုတ်ပြန်ထားသည့် လူစာရင်းတွင် ယူ-၂၂ ကစားသမား ၅၀ နှင့် အသက်ကျော်ကစားသမား ၁၀ ဦး ပါဝင်ပြီး (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲတွင် အသက်ကျော်ကစားသမားများ အသုံးပြုခွင့်ရမည်ဖြစ်သောကြောင့် ကြိုတင်ရွေးချယ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးထားပြီး ၂၀၂၃ ခုနှစ်တွင် ပြိုင်ပွဲများစွာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပိုပေါ့ဗ်သည် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ၂၀၁၉ ခုနှစ်ကတည်းက တာဝန်ပေးခံထားရပြီး ဆီးဂိမ်းပြိုင်ပွဲ သုံးကြိမ်ဆက်တိုက် ကိုင်တွယ်ခွင့်ရခဲ့ခြင်းလည်း ဖြစ်သည်။

**ရဲရင့်လွင်**

# CMP လုပ်ငန်းများသည် မြန်မာလုပ်သားထုနှင့် မြန်မာနိုင်ငံသားများအတွက် ရေတို၊ ရေရှည်အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်းများဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အလုပ်လက်မဲ့ ဖြစ်ပေါ်နေသည့် အလုပ်သမားများကို New Normal အခြေအနေနှင့်အညီ အသစ်ဖွင့်လှစ် လုပ်ကိုင်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ပြည်ပမှ ပြန်လည် ဝင်ရောက်လာသည့် အလုပ်သမားများကို ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် ကိုက်ညီသော အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့တတ်မြောက်ထားသည့် နည်းပညာများကို သင့်လျော်သည့် နေရာများတွင် ပြန်လည် အသုံးပြုနိုင်ရေး ချိတ်ဆက် ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ယနေ့ အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တာဝန်ရှိသူများကို မှာကြားသည်။

**စိစစ်ဆောင်ရွက်ပေး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ အများဆုံးဖော်ဆောင်ပေးပြီး ပြည်ပဝင်ငွေရှာဖွေပေးနေသည့် CMP လုပ်ငန်းများသည် မြန်မာလုပ်သားထုနှင့် မြန်မာနိုင်ငံသားများအတွက် ရေတို၊ ရေရှည်အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊ CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အနေဖြင့် CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုကြောင်း လျှောက်ထားလာမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေး သဘောထားမှတ်ချက်နှင့်တကွ စိစစ်ဆောင်ရွက်ပေးခြင်း၊ CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့် ရရှိသည့် လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ သတ်မှတ် ညွှန်ကြားချက်များနှင့်အညီ အခွန်ပေးဆောင်ခြင်း ရှိ/မရှိ၊ ရရှိသောလုပ်ခများကို ဘဏ်သို့ မှန်ကန်စွာပေးသွင်းခြင်း ရှိ/မရှိ၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သော လုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ/မရှိ၊ စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ/မရှိတို့ကို အဓိကစစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကို လုပ်ခလစာ ထုတ်ပေးနိုင်မှုနှင့် စပ်လျဉ်းပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီမှ ဖွဲ့စည်းပေးထားသည့် One Stop Services (OSS) တွင် အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို တာဝန်ပေးအပ်ထားပြီး OSS ရုံးရှိ သက်ဆိုင်ရာဌာနများ၊ UMFCCI ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အလုပ်သမားများ၏ လုပ်ခလစာရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် အစည်းအဝေးကို လေးကြိမ်ကျင်းပခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖြေရှင်းရမည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။





**ရှင်းလင်းတင်ပြ**

အဆိုပါ အစည်းအဝေးတွင် CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက် ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ပညာပေးအစီအစဉ်များကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သည် ပညာရေး ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုး ဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန် အတွက် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေး (Edu- tainment) အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့်(မူလတန်းနှင့်အလယ်တန်း)အဆင့်များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ် အထက (၁)၌ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာအချို့နှင့် ပညာပေး (Edu- tainment) အစီအစဉ်ပါ အကြောင်းအရာများကို ဖော်ပြဆွေးနွေး ဆောင်ရွက်ခဲ့ရာ မူလတန်းအဆင့် (Grade-5)မှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် အလယ်တန်းအဆင့် (Grade-8) မှ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်၊ ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါကြီးကြပ် စစ်ဆေးပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ သိမှတ်ဖွယ်ရာ စာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။





ထို့အတူ ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလက(၃) ကျောင်း၌လည်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edu- tainment) အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ဗဟန်းမြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ မူလတန်းအဆင့်(Grade-5) မှ ကျောင်းသား ကျောင်းသူ ၇၆ ဦးနှင့် အလယ်တန်းအဆင့် (Grade-8) မှ ကျောင်းသား ကျောင်းသူ ၈၉ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ စုံညီအထူးအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ စုံညီအထူးအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပရာ ဗဟိုဌာနချုပ်မှ ဗဟိုအမှုဆောင် အဖွဲ့ဝင်များနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့များရှိ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက Online စနစ်ဖြင့် အစည်းအဝေးတက်ရောက်ကြသည်။



ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) က အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးက အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်ဖြစ်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပြန်မည့် တာဝန်ထမ်းဆောင်သည့်ကာလ သတ်မှတ်ခြင်း စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက် (၅/၂၀၂၂) (စာမူကြမ်း) အား ဖတ်ကြားရှင်းလင်း၍ ဆွေးနွေးတင်ပြခြင်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ တိုင်းဒေသကြီး/ ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဝင်များက တိုင်းဒေသကြီး/ ပြည်နယ် အစဉ်လိုက် အကြံပြုဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင် အရာရှိကြီးများက လည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက လည်းကောင်း အကြံပြုဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးအကြံပြုချက်များအပေါ် အခြေခံ၍ စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက် (၅/၂၀၂၂) ဖြင့် ထုတ်ပြန်မည့် တာဝန်ထမ်းဆောင်သည့် ကာလသတ်မှတ်ခြင်း (စာမူကြမ်း)ကို ဗဟိုအမှုဆောင် အဖွဲ့ဝင်များ၏ ဆန္ဒသဘောထား မေးမြန်း၍ အတည်ပြုချက် ရယူခြင်းနှင့် ညွှန်ကြားချက် ထုတ်ပြန်ရန် ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်းသိရသည်။

**သတင်းစဉ်**

# ဆောင်းလေအေးလေး ထိတွေ့ရေး နံနက်ခင်းတိုင်း လမ်းလျှောက်ပေး

လင်းနိုင်

**ဟေမန္တ…ဆိုတဲ့ ဆောင်းဥတုရဲ့ အေးမြတဲ့အရသာကို တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ကာလအပြီးမှာ နေပြည်တော်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းမှ ပြည်သူအများစု စတင်ခံစားကြရပြီ ဖြစ်ပါတယ်။ ဟေမန္တဆောင်းဥတုကာလကို တန်ဆောင်မုန်းလပြည့်နေ့ကနေ တပေါင်းလပြည့်နေ့အထိ လေးလတာ သတ်မှတ်ထားပြီး မြန်မာနိုင်ငံရဲ့ ရာသီဥတုကလည်း ဥတုသပ္ပာယမျှတကာ အခြားနိုင်ငံများနဲ့မတူ နေရထိုင်ရ သင့်လျော်လျောက်ပတ်တဲ့နိုင်ငံ ဖြစ်ပါတယ်။**

အေးစပြုနေပြီဖြစ်တဲ့ နေပြည်တော်ရဲ့ နံနက်ခင်းတွေဟာဆိုရင်လည်း မြူနှင်းမှုန်မှုန်လေနုအေးတွေနဲ့အတူ လမ်းမကျယ်ကြီးနဲ့ လမ်းသွယ်အသီးသီးတို့မှာ လမ်းလျှောက်သူ၊ စက်ဘီးစီးသူအချို့ကို မြင်တွေ့နေရပြီ ဖြစ်ပါတယ်။ **"သာပေါင်းငယ်ထွေ၊ ခါဟေမန်ရာသီချိန်မို့၊ ဖန်ရှိန်ဝယ် မြူအပြိုင်နှင့် နှင်းလေဆိုင်ဖျန်း…သင်းပျံ့တဲ့အင်၊ ပုလဲရုံ ကြိုင်လှိုင်ရှင်သည့်၊ ခိုင်ငွေဇင် ညှာတံညွတ်ကယ်မှ၊ ရွှေဝတ်ဆင့်ပန်း…"ဆိုတဲ့ ဒွေးချိုးလေး ညည်းရင်း ရေချိုးနေတဲ့ ကျွန်တော့်ကို "အစ်ကိုကြီး အဲဒါဘာသီချင်းလဲ"ဟု တစ်ဖက်ရေချိုးခန်းမှ လှမ်းမေးလိုက်တဲ့ ညီငယ်ကို "ရေချိုးရတာ အေးလွန်းလို့ ပြင်စည်မင်းသားရဲ့ ဆောင်းအဖွဲ့အနွဲ့ ဒွေးချိုးလေး ညည်းတာပါကွာ"**ဟု ကပျာကယာဖြေကာ ရုံးသွားဖို့ ပြင်ဆင်ရင်း နယ်မြို့တွေကို တာဝန်နဲ့ ရောက်ခဲ့စဉ် ဆောင်းဥတုနဲ့ ကြုံကြိုက်ခဲ့တဲ့ အမှတ်တရတွေက ချက်ချင်းဆိုသလို လမ်းလျှောက်ချင်စိတ်ကို ဖြစ်ပေါ်စေမိပါတယ်။



ဘားအံမြို့၌ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ခဲ့စဉ်။

## လမ်းလျှောက်ရတဲ့ စိတ်ခံစားမှု

နေပြည်တော်ရဲ့ ဖြောင့်ဖြူးကျယ်ဝန်းတဲ့၊ သန့်ရှင်းလှပတဲ့ လမ်းမကြီးတွေ အထက်မှာ လမ်းလျှောက်ရတဲ့ စိတ်ခံစားမှုက ရန်ကုန်၊ မန္တလေးအပြင် အခြားမြို့ကြီးတွေမှာ လမ်းလျှောက်ရတာနဲ့ လုံးဝမျှမတူတာကို လျှောက်ဖူးသူတိုင်း ကြုံတွေ့ဖူးကြမှာ အသေအချာပါပဲ။ မိုးကာလနဲ့ နွေရာသီတွေမှာတော့ ရုံဖန်ရံခါသာ လမ်းလျှောက်ထွက်ဖြစ်ပေမယ့် ဆောင်းဥတုရဲ့ အေးမြတဲ့ မြူနှင်းတွေနဲ့ ထိတွေ့ဖို့အတွက်ဆိုရင်တော့ နံနက်ခင်းတိုင်း လမ်းလျှောက်ထွက်ဖို့ လိုပါတယ်။ လမ်းလျှောက်တဲ့အလုပ်က အပြောသာလွယ်ပြီး ဝီရိယအားနည်းရင် နေ့ရွှေ့ညရွှေ့နဲ့ ဆောင်းရာသီသာ ကုန်ဆုံးသွားကာ လမ်းမပေါ်ခြေတစ်ဖဝါးမှ မချဖြစ်လိုက်တာလည်း ကြုံဖူးကြသူတွေရှိကြမယ် ထင်ပါတယ်။

အခုလို ဆောင်းကာလ အေးမြမြ မနက်ခင်းနဲ့ညနေခင်းတွေမှာ လမ်းလျှောက်ထွက်ဖို့ကို အဖော်တစ်ဦးစနှစ်ဦးစ မိတ်ဖွဲ့ထားဖို့ လိုပါတယ်။ အဖော်ကောင်းမရှိရင် တစ်ယောက်တည်း လမ်းလျှောက်ထွက်ရမှာ ပျင်းလာပြီး ရက်တွေသာ အလီလီ ကုန်သွားကာ လမ်းလျှောက်ဖို့ ဝယ်ထားတဲ့ ဖိနပ်ကိုတောင် စီးဖြစ်လိုက်မှာ မဟုတ်ဘူး။ လမ်းလျှောက်ထွက်ဖို့ အနီးအနားက မိတ်ဖွဲ့စရာ မရှိခဲ့ရင်လည်း အိမ်ထဲ၊ အခန်းထဲ၊ အဆောင်ထဲကသာ လမ်းမပေါ် ရဲရဲထွက်လိုက်ပါ။ ကျန်းမာရေးအရ လမ်းလျှောက်ထွက်သူ အရွယ်စုံကို လမ်းမပေါ်မှာ တွေ့မြင်လိုက်ရတာနဲ့ နွေးကွေးနေတဲ့ ခြေလှမ်းတွေက အားပါပါ လှမ်းလျှောက်မိသွားမှာ အသေအချာပါပဲ။

နံနက်ခင်းကို လမ်းလျှောက်ထွက်မယ်ဆိုရင် အဓိကက ညဘက်အိပ်ရာ စောစောဝင်ဖို့ လိုတာပါပဲ။ အိပ်ရေးဝဖို့ အချိန် ၆ နာရီကနေ ၈ နာရီလောက် ရှိနေရမှာဖြစ်ပြီး နံနက် ၆ နာရီ လမ်းလျှောက်ထွက်မယ်ဆိုရင် ၅ နာရီ ၄၅ မိနစ်ကို အိပ်ရာထနိုင်ဖို့ လိုပါတယ်။ နေထွက်ချိန်ကို မူတည်ပြီး လမ်းလျှောက်ထွက်မယ့် အချိန်က အတိုးအလျှော့ အပြောင်းအလဲ ပြုလုပ်နိုင်ပေမယ့် ကျွန်တော်တောင်ကြီးမှာ တာဝန်ကျခဲ့စဉ်တော့ နံနက် ၄ နာရီဆို လမ်းမကြီးတွေ၊ ပန်းခြံတွေမှာ လမ်းလျှောက်သူ၊ စက်ဘီးစီးသူ၊ ပြေးသူတွေနဲ့ စည်ကားနေပြီ။

## ကဗျာဆန်တဲ့ထိတွေ့မှု

နံနက်ခင်းတိုင်း လမ်းလျှောက်လို့ ရပေမယ့်လည်း ကဗျာဆန်တဲ့ထိတွေ့မှုတွေကို ရချင်ရင်တော့ ဆောင်းနံနက်ခင်းမှာ လမ်းလျှောက်ဖြစ်အောင် လျှောက်ဖို့ တိုက်တွန်းချင်ပါတယ်။ လမ်းလျှောက်ခြင်းကြောင့် ဆောင်းလေအေးလေးနဲ့ မျက်နှာအပြင် ကိုယ်ခန္ဓာပါ ထိတွေ့ခွင့်ရကာ လူကိုပျော်ရွှင်လန်းဆန်းလာစေပြီး ကြည့်လိုက်သမျှ အရာတိုင်းဟာလည်း အလှအပတရားတွေနဲ့ ပြည့်စုံနေတယ်ဆိုတဲ့စိတ်ခံစားမှုမျိုးကို ဖြစ်စေမှာပဲ ဖြစ်ပါတယ်။ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါးလို့ ပြောကြပေမယ့် ကျန်းမာစေမယ့် အမှုကိစ္စကို လုပ်ဖို့အရာမှာတော့ မေ့မေ့လျော့လျော့နေကြသူက များပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်စွာ ရှင်သန်ချင်ရင် ရောဂါကင်းအောင် နေထိုင်စားသောက်ဖို့ ကိုယ်တိုင်ပဲ အသိ၊ သတိနဲ့ ပြုလုပ်ရမှာပဲ ဖြစ်ပါတယ်။ တစ်နေ့တာလုံး စိတ်ရွှင်လန်းတက်ကြွနေချင်ရင် နံနက်စောစောမှာ နာရီဝက် ဒါမှမဟုတ် တစ်နာရီခန့် လမ်းလျှောက်ပေးဖို့ အထူးလိုအပ်လှပါတယ်။ လမ်းလျှောက်တဲ့အခါမှာလည်း ကိုယ်ကို မတ်မတ်ထားပြီး လျှောက်ဖို့လိုပါတယ်။ ခြေတွေ၊ လက်တွေကို ဆန့်ထုတ်ပြီး လက်ကိုလည်း စည်းချက်မှန်အောင် လွှဲပေးဖို့ လိုပါတယ်။ အသက်ရှူတဲ့နေရာမှာလည်း နှေးနှေးနဲ့ မှန်မှန်ရှူပေးရမှာ ဖြစ်ပြီး လမ်းလျှောက်တာ ၁၀ မိနစ်လောက်ကြာလာရင် ၃ မိနစ်၊ ၅ မိနစ်လောက် ခပ်ရွရွ ပြေးခြင်းဟာလည်း လိုက်ဖက်ညီတဲ့ လေ့ကျင့်ခန်းတစ်ခုပါပဲ။

## သွေးလည်ပတ်မှုကို ပိုမိုကောင်းစေ

လမ်းလျှောက်ပြီးလို့ နေထိုင်ရာသို့ ပြန်ရောက်တဲ့အခါ အကြောလျှော့လေ့ကျင့်ခန်းပြုလုပ်ပြီး ရေနွေးကြမ်းကို သောက်ပေးပါက ခန္ဓာကိုယ်တွင်း သွေးလည်ပတ်မှုကို ပိုမိုကောင်းစေပါတယ်။ ရေနွေးကြမ်းကိုလည်း လမ်းလျှောက်မထွက်မီ ပြင်ဆင်ထားခဲ့ပါက ပြန်ရောက်တဲ့အခါ အဆင်သင့်သောက်သုံးနိုင်မှာလည်း ဖြစ်ပါတယ်။ နံနက်စောစော လမ်းလျှောက်ထွက်ခြင်းရဲ့ အကျိုးရလဒ်ကို လေ့လာကြည့်ပါက ကျန်းမာတဲ့ ကိုယ်အလေးချိန်ကို ရရှိစေနိုင်ခြင်း၊ ဆီးချို-နှလုံးရောဂါတို့ကို ဖြစ်နိုင်ခြေနည်းနိုင်ခြင်း၊ အစာချေစနစ်ကို ကျန်းမာစေခြင်း၊ အကောင်းမြင်စိတ်များတဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာစေခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေခြင်း၊ တစ်နေ့တာ လန်းဆန်းတက်ကြွမှုကြောင့် စိတ်ခတ်ကျမှု ကင်းဝေးခြင်း၊ သွေးလည်ပတ်မှုကောင်းခြင်းကြောင့် အသားအရည် ကြည်လင်စိုပြည်ခြင်း၊ အဆစ်မကောင်းတာ၊ အရိုးပွတာ၊ အဆစ်လွဲတာတွေကို အလွယ်တကူ မဖြစ်အောင် ကာကွယ်ပေးခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေတယ်လို့ ဆိုပါတယ်။

*စာမျက်နှာ ၉ သို့*

**✳ ကျန်းမာရေးနဲ့ ညီညွတ်စွာ ရှင်သန်ချင်ရင် ရောဂါကင်းအောင် နေထိုင်စားသောက်ဖို့ ကိုယ်တိုင်ပဲ အသိ၊ သတိနဲ့ ပြုလုပ်ရမှာပဲ ဖြစ်ပါတယ်။ တစ်နေ့တာလုံး စိတ်ရွှင်လန်းတက်ကြွနေချင်ရင် နံနက်စောစောမှာ နာရီဝက် ဒါမှမဟုတ် တစ်နာရီခန့် လမ်းလျှောက်ပေးဖို့ အထူးလိုအပ်**



နေပြည်တော်၌ စုပေါင်းလမ်းလျှောက်ပွဲပြုလုပ်ခဲ့စဉ်။



တောင်ကြီးမြို့၌ စုပေါင်းလမ်းလျှောက်ပွဲအပြီး သွေးပူလေ့ကျင့်ခန်းပြုလုပ်ခဲ့စဉ်။

# မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ရေရှည်တိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်

**မော်လမြိုင် နိုဝင်ဘာ ၁၀**

မွန်ပြည်နယ်အတွင်း အထင်ကရ တန်ခိုးကြီးဘုရား၊ စေတီများ၊ သဘာဝပတ်ဝန်းကျင် အလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များရှိသဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများစွာ ရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်း Eco Tourism များကို ဖော်ဆောင်ပေးရန် လိုအပ်သလို ခရီးသွားဒေသများတွင် လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးများကို ဦးစားပေးကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းကပြောသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ နိုဝင်ဘာ ၉ ရက်က ကျင်းပသည့် မွန်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၆/ ၂၀၂၂)တွင် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာပါက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း ရေရှည်တိုးတက်ရေးတွက် အားလုံးဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်ပေးကြစေလိုကြောင်း ထပ်မံတိုက်တွန်းမှာကြားခဲ့သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းမှ ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများကို သတ်မှတ်စည်းကမ်းများနှင့်အညီ လိုင်စင်ထုတ်ပေးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များမှ ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ခရိုင်(ပြန်/ဆက်)



# ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ)မှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အထောက်အကူပြု အပင်ရောဂါရှာဖွေရေးစနစ်တစ်ခု တည်ဆောက်ထား

**ဟသ်ာတ နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်မှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာသိပ္ပံ မဟာဌာနမှ ပြုလုပ်ရေးဆွဲခဲ့သည့် သုတေသနလုပ်ငန်းနှင့် ပတ်သက်သော ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၉ ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) ကျောင်းအုပ်ကြီး ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်က အမှာစကား ပြောကြားခဲ့ပြီး၊ ဒေါက်တာစိုးလဲ့ဖူးက ကွန်ပျူတာသိပ္ပံမဟာဌာနမှ ရေးဆွဲခဲ့သော အပင်ရောဂါရှာဖွေရေးစနစ် (Plant Disease Detection System on android)အကြောင်းကို တက်ရောက်လာကြသူများအား ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပညာရှင်များထံမှ အကြံပြုချက်များရယူ၍ သုတေသနလုပ်ငန်း၏ အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



ယခု ပြုလုပ်ရေးဆွဲခဲ့သော သုတေသနလုပ်ငန်းကို နည်းပညာပံ့ပိုးမှုဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြု၍ အထောက်အကူပြုစေမည့် စနစ်တစ်ခုကို တည်ဆောက်နိုင်ရန်၊ မိမိ၏စိုက်ခင်းများတွင် ကျရောက်တတ်သော ရောဂါများကို ခွဲခြားသိမြင်နိုင်ပြီး ကြိုတင်ကာကွယ်နိုင်ရန်နှင့် မိမိတို့ စိုက်ပျိုးခင်းများအတွက် အချိန်မီပြုပြင် သွားနိုင်ရန် ရည်ရွယ်ချက်များဖြင့် သုတေသနပြုရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်း ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ကျောင်းအုပ်ကြီးက ပြောကြားသည်။

ကိုဇော်
(ဟသ်ာတ)

# စစ်ကိုင်းမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းမြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား ဒီဇယ်(ရွာထောင်)မှ အာမခံအလုပ်သမား ဦးရှိုင်းဘိုဘို ကျော်သည် အလုပ်တာဝန်ထမ်းဆောင်နေစဉ် ဓာတ်လိုက်သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူမိသားစုများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ငွေကျပ် ၈၁ သိန်း ထုတ်ပေးသည့် အခမ်းအနားကို နိုဝင်ဘာ ၉ ရက်က မြန်မာ့မီးရထားဒီဇယ်(ရွာထောင်)ခန်းမ၌ ကျင်းပသည်။

## ဆွေးနွေးပြောကြား

အခမ်းအနားတွင် မြို့နယ်လူမှုဖူလုံရေးရုံး ဦးစီးအရာရှိက အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသည့်အခါ အာမခံထားသူမသေဆုံးမီက ပေးသွင်းခဲ့သော လေးလအတွင်းရရှိသည့် ပျမ်းမျှလုပ်ခအပေါ် မူတည်၍ အကျိုးခံစားခွင့်ရှိကြောင်း၊ ထည့်ဝင်ကြေးငွေကို လပေါင်း ၆၀ နှင့် အောက်ပေးသွင်းထားပါက ပျမ်းမျှလုပ်ခ၏ အဆ ၃၀၊ လပေါင်း ၆၀ အထက်မှ ၁၂၀ အထိ ပေးသွင်းပါက ပျမ်းမျှလုပ်ခ၏ အဆ ၅၀၊ လပေါင်း ၁၂၀ အထက်မှ ၂၄၀ အထိ ပေးသွင်းပါက ပျမ်းမျှလုပ်ခ၏ အဆ ၆၀ ၊ လပေါင်း ၂၄၀ အထက် ပေးသွင်းပြီးပါက ပျမ်းမျှလုပ်ခ၏ အဆ ၈၀ အကျိုးခံစားခွင့်ရှိကြောင်း၊ အာမခံထားသူက အမည်စာရင်းပေးသွင်းထားသူ(သို့မဟုတ်) ထိုသူမရှိခဲ့လျှင် သေဆုံးသူ၏ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ထိုသူများမရှိမှသာ မိခင်၊ဖခင်တို့ ခံစားခွင့်ရှိကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ကို လက်ရောက်ပေးအပ်ခဲ့သည်။

ခရိုင် (ပြန်/ဆက်)

# တာချီလိတ်မြို့၌ ရိုးရာပန်းဆီမီးမျှောပွဲ စည်ကားစွာကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရှိ ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာပန်းဆီမီးမျှောပွဲကို နိုဝင်ဘာ ၈ ရက်က ရွှေဝါနဒီပန်းခြံအတွင်းရှိ မယ်ခေါင်ချောင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ပန်းဆီမီးမျှောပွဲသည် ပန်းများကို ကြာပန်းပုံနှင့် အခြားအလှအပပုံများ ဖန်တီးပြုလုပ်ကာ အလယ်တွင် ဆီမီးခွက်၊ ဖယောင်းတိုင် စသည်တို့ကို ထွန်းညှိပူဇော်၍ ရေချောင်းအတွင်း မျှောလွတ်ပြီး လိုရာဆုတောင်းခြင်းပြုလုပ်သည့် ရိုးရာဓလေ့ဖြစ်သည်။ ထို့အပြင် မီးပုံးပျံများလွှတ်တင်ခြင်း၊ မီးအလှဆင် ထွန်းညှိပူဇော်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါကာလမှအပ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ညတိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် ရိုးရာပွဲတော်ဖြစ်ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



*စာမျက်နှာ ၈ မှ*

လမ်းလျှောက်ခြင်းကို အချိန်ရာသီမရွေး လုပ်နိုင်ပေမယ့် ဆောင်းရာသီလို အချိန်ကာလမှာ နံနက်ခင်းလမ်းလျှောက်မှု ပြုလုပ်ပါက ချွေးထွက်နည်းစေပါတယ်။ ဒါ့အပြင် နံနက်စောစော အိပ်ရာထစမှာ ကိုယ်ခန္ဓာကနေ steroid ဟော်မုန်းတွေ ထွက်တာကြောင့် လူကို လန်းဆန်းစေတဲ့အပြင် အားအင်တွေလည်း ရှိစေပါတယ်။ ယာဉ်အသွားအလာ နည်းခြင်းကြောင့် အငွေ့အမှုန်အန္တရာယ်တွေမှ ကင်းဝေးပြီး အသက်ဝဝ ရှူသွင်းရှူထုတ် လေ့ကျင့်ခန်းလုပ်ရာမှာလည်း ပိုပြီးသင့်တော်စေပါတယ်။ ဒါကြောင့်လည်း ဆောင်းတွင်းကာလမှာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ သက်ရှည်ကျန်းမာရေးအတွက် နံနက်ခင်းတွေမှာ လမ်းလျှောက်ဖို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းတွေက လှုံ့ဆော်စည်းရုံး ပညာပေးနေခြင်းလည်း ဖြစ်ပါတယ်။

မကြာခင်ကာလတွေမှာလည်း စုပေါင်းလမ်းလျှောက်ပွဲတွေကို နေရာအနှံ့ စည်ကားစွာ ပြုလုပ်ကြတော့မှာဖြစ်ပြီး နေ့စဉ်အချိန်မပေးနိုင်ရင်တောင် တစ်ပတ်မှာ တစ်ကြိမ် အများနဲ့အတူ ပါဝင်လမ်းလျှောက်ပေးခြင်းဖြင့် စိတ်ရောခန္ဓာ ကျန်းမာရွှင်လန်းစေမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ပါဝင်ဆင်နွှဲဖို့ တိုက်တွန်းလိုပါတယ်။

ငယ်စဉ်ကတည်းကနေ အခုချိန်ထိ ကြားနေ သိမြင်နေရတဲ့ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လူတစ်ဦးချင်း တစ်ယောက်ချင်းစီက ကျန်းမာရေးအသိနဲ့ နံနက်ခင်းတိုင်း လမ်းလျှောက်ပေးခြင်းဖြင့် မိမိကိုယ်တိုင်လည်း ကျန်းမာကာ မိသားစုတာဝန်အပြင် တိုင်းကားပြည်ရွာအကျိုးကိုပါ ထမ်းဆောင်နိုင်တဲ့ ကျန်းမာသန်စွမ်း သက်ရှည်သော နိုင်ငံ့သားကောင်းများ ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# အာဆာအကြမ်းဖက်အဖွဲ့ရဲ့ နောက်ကွယ်ကရည်ရွယ်ချက်

ဇင်ငြိမ်း

အာဆာအကြမ်းဖက်အဖွဲ့ဟာ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းမှာရှိတဲ့ ဒုက္ခသည်စခန်းအတွင်းမှာ အာဆာအဖွဲ့ရဲ့ (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပခဲ့တာကို တွေ့ရပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ပွဲဦးဆောင်သူတွေအနက် နှစ်ဦးကို ဖမ်းဆီးစစ်ဆေးနေပြီး အခြား ပါဝင်သူတွေကိုလည်း လိုက်လံရှာဖွေနေတယ်လို့ ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့မှ လက်ထောက်ရဲအုပ် Faruk Ahmed က ပြောကြားခဲ့ပါတယ်။ ဖမ်းဆီးခံထား ရတဲ့သူနှစ်ဦးကတော့ Mohammad Joynal (၃၂ နှစ်)နဲ့ Bakkar Uddin (၁၉ နှစ်) တို့ ဖြစ်တယ်လို့ အောက်တိုဘာ ၁၁ ရက် Radio Free Asia သတင်းစာမျက်နှာမှာ ဖော်ပြထားပါတယ်။ သူတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ အူခီးယားဘာလူခါလီစခန်း နံပါတ် (၁၀) မှာ အောက်တိုဘာ ၉ ရက်နဲ့ ၁၀ ရက်တို့က ဖမ်းဆီးရမိခဲ့တာလို့ သိရပါတယ်။

**“ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီအရေးကို အကြောင်းပြုပြီး အမြတ်ထုတ်လိုတဲ့ နိုင်ငံတွေနဲ့အဖွဲ့အစည်းတွေက ခါတော်မီအာဆာအဖွဲ့ကို သူတို့နဲ့နီးစပ်တဲ့ နိုင်ငံတွေမှာ အခြေပြုပြီး စတင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း အာဆာအဖွဲ့ဟာ ၂၀၁၂ ခုနှစ် နောက်ပိုင်းကတည်းက ဘင်္ဂါလီရွာတွေမှာ သင်တန်းတွေပေးခဲ့ကြတယ်လို့ အိုင်စီဂျီက ထုတ်ဖော်ထားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက သင်တန်းပေးတဲ့သူတွေပဲ ဖြစ်ပါတယ်။ သင်တန်းပေးတဲ့သူတွေက ဝါရင့်ဘင်္ဂါလီတွေ၊ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်တို့မှာ အတွေ့အကြုံရှိခဲ့ဖူးသူတွေ ဖြစ်နေလို့ပါပဲ။ ထူးခြားမှုက နိုင်ငံတကာမှာရှိတဲ့ ဘင်္ဂါလီတွေနဲ့ မွတ်စလင်တွေရဲ့ လှူဒါန်းငွေတွေကို အာဆာအဖွဲ့က လက်ခံရရှိနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ အခု မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ဘင်္ဂါလီအရေးကိစ္စရဲ့ အရင်းခံအကြောင်းတရားဖြစ်သလို အာဆာအဖွဲ့ဆိုတာ ဘာရည်ရွယ်ချက်နဲ့ ရပ်တည်သလဲဆိုတာရဲ့ အဖြေပဲဖြစ်ပါတယ် ”**

အာဆာအဖွဲ့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ခြေကုပ်ယူပြီး ရခိုင်ပြည်နယ်အတွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုနဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်မှုတွေ လုပ်နေတဲ့အကြမ်းဖက် အဖွဲ့အစည်းပဲဖြစ်ပါတယ်။

**နှစ်ပတ်လည်နေ့ ကျင်းပပြီး ဝါဒဖြန့်**

အာဆာအဖွဲ့အနေနဲ့ သူတို့ကို နိုင်ငံတကာက စိတ်ဝင်စားလာအောင် ယခုလို နှစ်ပတ်လည်နေ့ ကျင်းပပြီး ဝါဒဖြန့်တာလို့ ခန့်မှန်းရပါတယ်။ အာဆာအဖွဲ့ဟာ တကယ်တော့ ရခိုင်ပြည်နယ်မှာ ဖြစ်ခဲ့တဲ့အရေးအခင်းကို စတင်ခဲ့တဲ့အဖွဲ့လို့ ပြောနိုင်ပါတယ်။ အာဆာအဖွဲ့အနေနဲ့ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးနဲ့ အချိန်ကိုက် ၂၀၁၃ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး စတင်ဖွဲ့စည်းတာကတော့ Harakah al-Yaqin အာရပ်စကားနဲ့ (ယုံကြည်ချက်အခြေခံလှုပ်ရှားမှု) လို့ အဓိပ္ပာယ်ရတဲ့ အမည်နဲ့တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှာ ARSA (Arakan Rohingya Salvation Army) လို့ အမည်ပြောင်းလဲခဲ့ပါတယ်။

ပြောင်းလဲလိုက်တဲ့နာမည်ကို ကြည့်ရင် ရည်ရွယ်ချက်ကို ခန့်မှန်းနိုင်ပြီဖြစ်ပါတယ်။ အာဆာအဖွဲ့ စတင်ဖွဲ့စည်းတဲ့အချိန်၊ တိုက်ခိုက်မှု၊ နာမည်ပြောင်းလဲမှုနဲ့ နောက်ခံအခြေအနေတွေကို ဆက်စပ်ကြည့်ရင် အာဆာအဖွဲ့ ဘာကြောင့်ပေါ်ပေါက်လာတယ်၊ ဘာကိုရည်ရွယ်တယ်၊ ဘယ်သူတွေက ကျောထောက်နောက်ခံ ပြုပေးထားတယ်နဲ့ နောက်ကွယ်မှာ ဘယ်သူတွေက ကြိုးကိုင်နေတယ်ဆိုတာကို ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့အသွင်ကူးပြောင်းရေးနဲ့အတူ ၂၀၁၃ ခုနှစ်မှာ ပေါ်ပေါက်လာတဲ့ အာဆာအဖွဲ့ကို အာတာအူလာက ဦးဆောင်ခဲ့ပါတယ်။ အာတာအူလာဟာ ဆော်ဒီအာရေးဗီးယားမှာ နေထိုင်သူဖြစ်တယ်လို့ အိုင်စီဂျီ (International Crisis Group) က ထုတ်ဝေတဲ့ “မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် အသစ်ထွက်ပေါ်လာသော သူပုန်ထမှု” ဆိုတဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အာတာအူလာကို ပါကစ္စတန်နိုင်ငံ ကရာချီမြို့မှာ မွေးဖွားခဲ့တာလို့ဆိုပါတယ်။ အာဆာစတင်ဖွဲ့တဲ့အချိန်တုန်းက အဖွဲ့ရဲ့ထိပ်တန်းခေါင်းဆောင် ၂၀ ခန့်ဟာ မက္ကာမှာ ရုံးထိုင်ပြီး မက်ဒီနာမှာလည်း အနည်းဆုံး ကော်မတီဝင်တစ်ယောက် ရုံးထိုင်ကြောင်း အိုင်စီဂျီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒါကိုကြည့်ရင် အာဆာအဖွဲ့ဟာ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံမှာပေါ်ပေါက်လာတဲ့ နိုင်ငံရေးအခွင့်အလမ်းသစ်တွေကို အသုံးချလိုတဲ့နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေက အာဆာအဖွဲ့ကို မွေးထုတ်ပေးခဲ့တာပါပဲ။

**ဘင်္ဂါလီအရေးကိစ္စရဲ့ အရင်းခံအကြောင်းတရား**

ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီအရေးကို အကြောင်းပြုပြီး အမြတ်ထုတ်လိုတဲ့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေက ခါတော်မီအာဆာအဖွဲ့ကို သူတို့နဲ့နီးစပ်တဲ့ နိုင်ငံတွေမှာအခြေပြုပြီး စတင်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း အာဆာအဖွဲ့ဟာ ၂၀၁၂ ခုနှစ် နောက်ပိုင်းကတည်းက ဘင်္ဂါလီရွာတွေမှာ သင်တန်းတွေပေးခဲ့ကြတယ်လို့ အိုင်စီဂျီက ထုတ်ဖော်ထားပါတယ်။ စိတ်ဝင်စားစရာကောင်းတာက သင်တန်းပေးတဲ့သူတွေပဲ ဖြစ်ပါတယ်။ သင်တန်းပေးတဲ့သူတွေက ဝါရင့်ဘင်္ဂါလီတွေ၊ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်တို့မှာ အတွေ့အကြုံရှိခဲ့ဖူးသူတွေ ဖြစ်နေလို့ပါပဲ။ ထူးခြားမှုက နိုင်ငံတကာမှာရှိတဲ့ ဘင်္ဂါလီတွေနဲ့ မွတ်စလင်တွေရဲ့ လှူဒါန်းငွေတွေကို အာဆာအဖွဲ့က လက်ခံရရှိနေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ အခု မြန်မာနိုင်ငံမှာဖြစ်နေတဲ့ ဘင်္ဂါလီအရေးကိစ္စရဲ့ အရင်းခံအကြောင်းတရားဖြစ်သလို အာဆာအဖွဲ့ဆိုတာ ဘာရည်ရွယ်ချက်နဲ့ ရပ်တည်သလဲဆိုတာရဲ့ အဖြေပဲဖြစ်ပါတယ်။

ရခိုင်ပြည်နယ်က ဘင်္ဂါလီကိစ္စကိုကြည့်ရင် အကွက်ကျကျစီစဉ်ဆောင်ရွက်ခဲ့တဲ့ အထောက်အထားတွေကို တွေ့နိုင်ပါတယ်။ ၂၀၁၂ ခုနှစ်က ဖြစ်ခဲ့တဲ့ ရခိုင်ပြည်နယ်ကိစ္စအတွက် လတ်တလော ပြဿနာတွေဖြေရှင်းရေး၊ ရေရှည်ဖြေရှင်းရေးတို့အတွက် ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၇ ရက်မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဲဒီကော်မရှင်အဖွဲ့မှာဆိုရင် ဘာသာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ အယူအဆ၊ ရှုထောင့်နဲ့ သဘောထားမျိုးစုံပါဝင်ဖွဲ့စည်းထားတာကို တွေ့နိုင်ပါတယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာမှာဆိုရင်လည်း လူမျိုးရေးပဋိပက္ခတွေ ပြေလည်ဖို့နဲ့ အဲဒီလိုပဋိပက္ခတွေ ထပ်မံမဖြစ်ပွားဖို့ ရေတို၊ ရေရှည် အကြံပြုတိုက်တွန်းထားတာတွေ ပါဝင်ပါတယ်။

**ကိုဖီအာနန် ကော်မရှင်**

ဒါပေမယ့် ၂၀၁၆ ခုနှစ် အစိုးရအပြောင်းအလဲမှာ ယခင်အစိုးရလက်ထက်က ရခိုင်ပြည်နယ် ပဋိပက္ခများ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာကို ပစ်ပယ်ပြီး ရခိုင်ပြည်နယ်အတွင်းကိစ္စရပ်တွေကို ဖြေရှင်းရာမှာ အကြံပေးနိုင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဲဒီကော်မရှင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့ပါတယ်။

**ဒီလိုဖွဲ့စည်းပေးလိုက်မှုကြောင့် မြန်မာနိုင်ငံအပေါ် အမြတ်ထုတ်ဖို့ ချောင်းနေတဲ့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေရဲ့ ကျော့ကွင်းထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ပါတယ်။ ကိုဖီအာနန် ကော်မရှင်ဖွဲ့ပြီးတာနဲ့တစ်ပြိုင်နက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှာ အာဆာအင်အား ၄၀၀ ခန့်က ရခိုင်ပြည်နယ်က မောင်တောနဲ့ ရသေ့တောင်မြို့နယ်တွေမှာရှိတဲ့ ရဲကင်းစခန်းသုံးခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်မှုတွေလုပ်ခဲ့လို့ ရဲတပ်ဖွဲ့ဝင် ကိုးဦးနဲ့ အရပ်သား ၁၀၀ ကျော် သေဆုံးခဲ့ရပါတယ်**

ဒီလိုဖွဲ့စည်းပေးလိုက်မှုကြောင့် မြန်မာနိုင်ငံအပေါ်အမြတ်ထုတ်ဖို့ ချောင်းနေတဲ့ နိုင်ငံတွေနဲ့ အဖွဲ့အစည်းတွေရဲ့ ကျော့ကွင်းထဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားခဲ့ပါတယ်။ ကိုဖီအာနန် ကော်မရှင်ဖွဲ့ပြီးတာနဲ့တစ်ပြိုင်နက် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှာ အာဆာအင်အား ၄၀၀ ခန့်က ရခိုင်ပြည်နယ်က မောင်တောနဲ့ ရသေ့တောင်မြို့နယ်တွေမှာရှိတဲ့ ရဲကင်းစခန်းသုံးခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်မှုတွေလုပ်ခဲ့လို့ ရဲတပ်ဖွဲ့ဝင် ကိုးဦးနဲ့ အရပ်သား ၁၀၀ ကျော်သေဆုံးခဲ့ရပါတယ်။

ဒီဖြစ်စဉ်ကိုကြည့်ရင် ကိုဖီအာနန်ဦးဆောင်တဲ့ ကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာအဖွဲ့တို့ တိုက်ခိုက်တာ ချိန်ကိုက်ထားသလို တွေ့ရမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကို ဖိအားပေးနိုင်တဲ့ လမ်းစရဖို့အတွက် အာဆာအဖွဲ့ကို အသုံးချဖော်ဆောင်သွားတာလို့ ပြောနိုင်ပါတယ်။ အာဆာအဖွဲ့ကို အသုံးချနိုင်ဖို့အတွက် လက်သပ်မွေးခဲ့တာကို အိန္ဒိယအခြေစိုက် Economic Times သတင်းစာမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်က ဖော်ပြထားတာကို တွေ့ရပါတယ်။ အာဆာအကြမ်းဖက်အဖွဲ့ကို ပါကစ္စတန် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (ISI) က လေ့ကျင့်သင်ကြားပေးနေတာလို့ သတင်းစာမှာ ဖော်ပြထားပါတယ်။ ဒ့ါအပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့စ်ဘဇားခရိုင်ဒုက္ခသည်စခန်းမှာရှိတဲ့ ဘင်္ဂါလီတွေကို အကြမ်းဖက်အဖွဲ့လို့ ဘင်္ဂလားဒေ့ရှ်အစိုးရက သတ်မှတ်ထားတဲ့ ဂျမားဘူမူဂါဟစ်ဒင် ဘင်္ဂလားဒေ့ရှ် (JMB) အဖွဲ့က လေ့ကျင့်သင်ကြားပေးခဲ့တယ်လို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလသတင်းတွေမှာ ဖော်ပြထားပါတယ်။

အဲဒီအဖွဲ့တွေကို ပင်လယ်ကွေ့နိုင်ငံတစ်နိုင်ငံနဲ့ မလေးရှားတို့က အမေရိကန်ဒေါ်လာ ၁၇၀၀၀ ထောက်ပံ့မှုနဲ့ JMB အဖွဲ့က ဘင်္ဂါလီအယောက် ၄၀ ကို လေ့ကျင့်သင်ကြားပေးခဲ့တာလို့ DW သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီသတင်းမှာပဲ ပါကစ္စတန် အမျိုးသားထောက်လှမ်းရေးအေဂျင်စီ (ISI) ဟာ လေ့ကျင့်သင်ကြားပေးမှု နောက်ကွယ်မှာ ရှိနေကြောင်းဖော်ပြထားပြီး အိန္ဒိယအစိုးရက ဘင်္ဂလားဒေ့ရှ်အစိုးရအရာရှိတွေနဲ့ နယ်စပ်လုံခြုံရေးအရာရှိတွေကို အသိပေးထားကြောင်းလည်း ဖော်ပြထားပြီး ISI ပါဝင်နိုင်ကြောင်း ဘရပ်ဆဲလ်မြို့မှာ အခြေစိုက်တဲ့ တောင်အာရှဒီမိုကရက်တစ်ဖိုရမ်မှ အကဲခတ်သူ ဆစ်ဖရိုင်းအိုဝုလ်ဖ်က ပြောကြားခဲ့ပါတယ်။

**အကြမ်းဖက်လုပ်ရပ်တွေကို ဆက်တိုက်ပြုလုပ်**

ဒီသတင်းဖော်ပြချက်တွေကိုကြည့်ရင် အာဆာအဖွဲ့ကို အသုံးချပြီး မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကို ဖိအားပေးဖို့နဲ့ ရခိုင်ပြည်နယ်အတွင်းက ဘင်္ဂါလီအခွင့်အရေးတွေရဖို့ဆိုတာ ထင်ထင်ရှားရှားတွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာဖိအားတွေပေးဖို့အတွက် အာဆာအဖွဲ့ဟာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် နောက်ပိုင်းကစပြီး ရခိုင်ပြည်နယ်က မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်တွေမှာ အာဆာအဖွဲ့အနေနဲ့ တစ်စတစ်စအင်အားတိုးပွားလာခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားတွေကို ခြိမ်းခြောက်တာ၊ သွေးဆောင်စည်းရုံးတာတွေအပြင် အစိုးရရဲ့သတင်းပေးလို့ သံသယရှိသူတွေကိုသုတ်သင်တာ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို ဆက်တိုက်ပြုလုပ်လာခဲ့ကြပါတယ်။ International Crisis Group ရဲ့ အစီရင်ခံစာမှာ ဖော်ပြချက်တွေနဲ့ အခြားသတင်းတွေအရ အာဆာအဖွဲ့အနေနဲ့ အာဖဂန်နဲ့ ပါကစ္စတန်စစ်သွေးကြွအုပ်စုတွေဆီကနေ လက်နက်နဲ့ဖောက်ခွဲရေး သင်တန်း အကူအညီတွေရခဲ့တယ်လို့ သိရပါတယ်။

ဒ့ါအပြင် အာဆာအဖွဲ့ဟာ မြန်မာနိုင်ငံအတွင်း အခြေအနေမတည်ငြိမ်ဖို့နဲ့ သူတို့ဆင်ထားတဲ့ အကွက်ထဲရောက်ဖို့အတွက် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှာ ထပ်မံတိုက်ခိုက်မှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီတိုက်ခိုက်မှုဟာလည်း ကိုဖီအာနန်ဦးဆောင်တဲ့ အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာတင်သွင်းတဲ့ အချိန်နဲ့ အံ့သြစရာကောင်းလောက်အောင် တိုက်ဆိုင်နေတာတွေ့ရပါတယ်။

*စာမျက်နှာ ၁၁ သို့*

# MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် မြန်မာအလုပ်သမား ၁၀၀ ကော့သောင်းနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာ

**ကော့သောင်း နိုဝင်ဘာ ၁၀**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထိုင်းနိုင်ငံသို့ MoU စနစ်ဖြင့် မြန်မာအလုပ်သမားများ စေလွှတ်ရေး လုပ်ငန်းစဉ်အရ ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာအလုပ်သမား ၁၀၀ သည် ထိုင်းနိုင်ငံ၌ MoU စနစ်ဖြင့် အလုပ်လုပ်ကိုင်ရန် နိုဝင်ဘာ ၈ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများအား ပြည်ပအလုပ်အကိုင်အကျိုးဆောင်(ထိုင်း)လိုင်စင်ရအေဂျင်စီတစ်ခုဖြစ်သည့် S.M.Z ကုမ္ပဏီလီမိတက်က ထိုင်းနိုင်ငံရှိ Chicony Election (Thailand) ကုမ္ပဏီလီမိတက်သို့ ပို့ဆောင်ရန် အမျိုးသားအလုပ်သမား ၄၀ နှင့် အမျိုးသမီးအလုပ်သမား ၆၀ ကို နှစ်နှစ်စာချုပ်ဖြင့် အလုပ်လုပ်ကိုင်နိုင်ရန် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် ကော့သောင်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ခေါ်ယူခဲ့ပြီး ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မှတစ်ဆင့် ရေလမ်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

သွားရောက်အလုပ်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများအား ကော့သောင်းခရိုင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ကော့သောင်းခရိုင်ရုံး၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အလုပ်အကိုင်ကုမ္ပဏီ တာဝန်ရှိသူများက ထိုင်းနိုင်ငံရှိ အလုပ်လုပ်ကိုင်မည့်ကုမ္ပဏီသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့သည်။

**ကျော်စိုး(ကော့သောင်း)**



# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ကော်မတီ(YRTC) တို့ ပူးပေါင်း၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဟောပြောပွဲ ကို နိုဝင်ဘာ ၉ ရက်က ရန်ကုန်အဝေးသင်တက္ကသိုလ် အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ဟောပြောပွဲတွင် Road Safety နှင့်ပတ်သက်၍ YRTC ၏ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်နှင့် သိပ္ပံပညာရှင် သိပ္ပံစာရေးဆရာ ပါမောက္ခကိုကိုအောင်တို့က ဟောပြောပို့ချခဲ့သည်။ အဆိုပါဟောပြောပွဲသို့ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင်(၆)နှင့် ဒုတိယပါမောက္ခချုပ်၊ ကထိကများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ပြီး YRTC ၏ ရည်မှန်းချက်ဖြစ်သည့် “Safe Public Transportation to All” အတွက် Road Safety ဟောပြောပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

**အာကာလင်း**

*စာမျက်နှာ ၁၀ မှ*

### အကွက်ချစီမံထားတဲ့ အစီအစဉ်တစ်ခု

ဒီတော့ ၂၀၁၆ ခုနှစ်မှာ အကြံပေးကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာ စတင်တိုက်ခိုက်တာ အချိန်ကိုက်ဖြစ်နေသလို ၂၀၁၇ ခုနှစ် အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာတင်သွင်းချိန်နဲ့ အာဆာအဖွဲ့တိုက်ခိုက်တာဟာ အချိန်ကိုက်ဖြစ်နေပြန်ပါတယ်။ ဒါဟာ အကွက်ချစီမံထားတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်ဆိုတာ ခိုင်ခိုင်မာမာကောက်ချက်ချလို့ ရပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတိုက်ခိုက်မှုမှာတော့ အာဆာအဖွဲ့ အင်အားထောင်ပေါင်းများစွာက ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ရဲကင်းစခန်း ၃၀ ကျော်နဲ့ ရွာတွေအပြင် တပ်စခန်းတွေကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့ကြပါတယ်။ တိုက်ခိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ခဲ့တာကိုကြည့်ရင် အာဆာအနေနဲ့ မောင်တောဒေသကို သိမ်းပိုက်ဖို့လို့ ခန့်မှန်းနိုင်ပါတယ်။

အဲဒီလို ရခိုင်ပြည်နယ် မောင်တောဒေသမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်ကနေ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်အထိ အာဆာအကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၆၃ ဦး၊ ပျောက်ဆုံးနေသူ ၉၁ ဦး စုစုပေါင်း ၂၅၄ ဦး ရှိကြောင်း အစိုးရက ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါ့အပြင် မောင်တောဒေသမှာပဲ အာဆာအကြမ်းဖက်သမားတွေ စီးနင်းတိုက်ခိုက်မှုကြောင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက်အထိ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက်မှူး၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပါအဝင် ၇၉ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သမားတွေ ဖမ်းဆီးခေါ်ဆောင်သွားတဲ့အတွက် အပြစ်မဲ့ပြည်သူ ၃၇ ဦး ပျောက်ဆုံးခဲ့ကြောင်းလည်း အဲဒီထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် စက်တင်ဘာ ၂၆ ရက်အထိ ဟိန္ဒူဘာသာဝင်တွေ၊ ရခိုင်တိုင်းရင်းသားတွေ၊ ဒိုင်းနက်၊ မြိုတိုင်းရင်းသားတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေအပါအဝင် ၈၄ ဦးသေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၅၄ ဦး ပျောက်ဆုံးခဲ့ကြောင်းလည်း အစိုးရက ထုတ်ပြန်ခဲ့ပါတယ်။

### အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်

အာဆာရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုကော်မတီက ၎င်းအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သတ်မှတ်ခဲ့ပါတယ်။ ဒါ့အပြင် အာဆာအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် မလေးရှားနိုင်ငံကလည်း သတ်မှတ်ခဲ့ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေနဲ့ သူများကြိုးဆွဲရာကခဲ့တဲ့ အာဆာအဖွဲ့ဟာ အခုဆိုရင် ထောက်ခံမှုကျဆင်းနေပြီး အင်အားလည်း ချည့်နဲ့နေပြီဖြစ်ပါတယ်။

> **“ ဒီတော့ ၂၀၁၆ ခုနှစ်မှာ အကြံပေးကော်မရှင်ဖွဲ့စည်းတာနဲ့ အာဆာစတင်တိုက်ခိုက်တာ အချိန်ကိုက်ဖြစ်နေသလို ၂၀၁၇ ခုနှစ် အကြံပေးကော်မရှင်ရဲ့ အစီရင်ခံစာတင်သွင်းချိန်နဲ့ အာဆာအဖွဲ့တိုက်ခိုက်တာဟာ အချိန်ကိုက်ဖြစ်နေပြန်ပါတယ်။ ဒါဟာ အကွက်ချစီမံထားတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်ဆိုတာ ခိုင်ခိုင်မာမာ ကောက်ချက်ချလို့ ရပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လတိုက်ခိုက်မှုမှာတော့ အာဆာအဖွဲ့ အင်အားထောင်ပေါင်းများစွာက ရခိုင်ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ ရဲကင်းစခန်း ၃၀ ကျော်နဲ့ ရွာတွေအပြင် တပ်စခန်းတွေကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ခဲ့ကြပါတယ်။ တိုက်ခိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ခဲ့တာကိုကြည့်ရင် အာဆာအနေနဲ့ မောင်တောဒေသကို သိမ်းပိုက်ဖို့လို့ ခန့်မှန်းနိုင်ပါတယ် ”**

အာဆာအဖွဲ့အနေနဲ့ ဒုက္ခသည်တွေ မြန်မာနိုင်ငံကို မပြန်နိုင်ဖို့အတွက် ခြိမ်းခြောက်တာ၊ သတ်ဖြတ်တာတွေ လုပ်ဆဲပါပဲ။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် စက်တင်ဘာလက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုတုပါလောင်ဒုက္ခသည်စခန်းက ဘင်္ဂါလီခေါင်းဆောင် မိုဟစ်အူလာသတ်ဖြတ်ခံခဲ့ရပါတယ်။ မိုဟစ်အူလာကို သတ်ဖြတ်ဖို့ အာဆာအဖွဲ့က အမိန့်ပေးခဲ့တာဖြစ်တယ်လို့ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် ထုတ်ဖော်ပြောဆိုလိုက်တယ်လို့ AFP ရဲ့ ၂၀၂၂ ခုနှစ် မတ် ၁၆ ရက် သတင်းမှာ ဖော်ပြထားပါတယ်။

အမှုနဲ့ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းခဲ့ရာမှာ အာဆာအဖွဲ့ဝင် ၁၅ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ဆေးချိန်မှာ လေးဦးက သူတို့ အာဆာအဖွဲ့ဝင်ဖြစ်တယ်ဆိုတာ ဝန်ခံခဲ့တယ်လို့ ဆိုပါတယ်။ အာဆာအဖွဲ့က မိုဟစ်အူလာကို သတ်ဖြတ်ဖို့ သူတို့ကိုတာဝန်ပေးခဲ့ကြောင်း ဝန်ခံခဲ့တယ်လို့ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က သတင်းဌာနကို ပြောပြခဲ့တာတွေ့ရပါတယ်။ အာဆာအဖွဲ့ဟာ ဒုက္ခသည်စခန်းပတ်ဝန်းကျင်မှာ လှုပ်ရှားလေ့ရှိပြီး မူးယစ်ဆေးဝါးနဲ့ ဒုစရိုက်လုပ်ငန်းမျိုးစုံကို ကျူးလွန်နေသလို နိုင်ငံရေးအရ အမြင်မတူသူတွေကိုလည်း လုပ်ကြံသတ်ဖြတ်လေ့ရှိတယ်လို့ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ဝန်ခံပြောကြားထားတာ တွေ့ရပါတယ်။

“ဒုက္ခသည်တွေ ရောက်လာကတည်းက လက်နက်နဲ့ မူးယစ်ဆေးကုန်သည်တွေ ရောက်လာတာများလာတယ်လို့ ကော့စ်ဘဇားဒေသခံ ရဲတပ်ဖွဲ့အကြီးအကဲ တိုဖယ်အာမက်က ဝန်ခံပြောကြားခဲ့ပါတယ်။ “တချို့အုပ်စုတွေက စခန်းအတွင်း မတည်ငြိမ်အောင် လှုံ့ဆော်နေတယ်လို့ အများအပြောက စွပ်စွဲကြတယ်။ ဒါက သူတို့တွေ နေရပ်ပြန်ရေးအစီအစဉ်ကို ဟန့်တားနှောင့်ယှက်နေတဲ့ပုံစံပဲ” လို့လည်း တိုဖယ်အာမက်က ပြောခဲ့ပါတယ်။

### နေရပ်စွန့်သူတွေ နေရပ်ပြန်ရေး အတားအဆီးဖြစ်နေစေ

**အာဆာအဖွဲ့ဟာ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံထဲကနေ ထွက်ပြေးသွားအောင်လုပ်ခဲ့သလို မြန်မာနိုင်ငံထဲ ပြန်ဝင်မလာအောင်လည်း လုပ်နေပါတယ်။ မြန်မာနိုင်ငံက ထွက်ပြေးသွားတဲ့သူတွေ ပြန်လည်လက်ခံဖို့ လုပ်ဆောင်ပေးခဲ့ပေမယ့် တရားဝင်ပြန်မလာရဲကြပါဘူး။ ခိုးဝင်နေသူတွေတော့ ရှိနေပါတယ်။ ဒါကြောင့်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၁ ရက် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ ဥပဒေရေးရာကော်မတီ (ဆဋ္ဌမကော်မတီ) ပဋ္ဌမအကြိမ်အစည်းအဝေးမှာ မြန်မာကိုယ်စားလှယ်က အာဆာအကြမ်းဖက်အဖွဲ့ရဲ့ ခြိမ်းခြောက်မှုတွေကြောင့် ရခိုင်ပြည်နယ်ကနေ နေရပ်စွန့်သူတွေ နေရပ်ပြန်ရေးကိုလည်း အတားအဆီး ဖြစ်နေစေတယ်လို့ ပြောခဲ့ပါတယ်။**

အာဆာအကြမ်းဖက်သမားတွေက နေရပ်ပြန်ဖို့ဆန္ဒထုတ်ဖော်ပြောဆိုသူတွေရဲ့ အသက်အန္တရာယ်ကိုတောင် ခြိမ်းခြောက်လျက်ရှိတယ်လို့လည်း ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အိုကီးယားဒုက္ခသည်စခန်းမှ ဒုက္ခသည်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုဟစ်အူလာ အသတ်ခံရပြီးနောက် အာဆာအဖွဲ့အတွင်းမှာ နှစ်ခြမ်းကွဲသွားခဲ့ပြီး ထောက်ခံမှုတွေ လျော့ကျသွားခဲ့တယ်ဆိုတဲ့ သတင်းတွေကိုလည်း တွေ့ရပါတယ်။ ဒါဟာ အာဆာအဖွဲ့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်သူမှလက်မခံတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

အခုအချိန်မှာ အာဆာအဖွဲ့အနေနဲ့ စစ်ဆင်ရေးလှုပ်ရှားဖို့ထက် ဘင်္ဂါလီတွေ မြန်မာနိုင်ငံထဲ ပြန်မသွားဖို့အတွက် အကြမ်းဖက်နည်းလမ်းတွေ သုံးပြီး လုပ်နေမှာပဲဖြစ်ပါတယ်။ ဒါမှ သူတို့ကို ကြိုးကိုင်နေသူတွေအလိုကျဖြစ်ပြီး သူတို့လည်း အထောက်အပံ့ရရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက တာဝန်ရှိသူတွေကိုယ်တိုင် အာဆာအဖွဲ့ သူတို့နိုင်ငံထဲမှာ ခြေကုပ်ယူပြီး အကြမ်းဖက်လုပ်ရပ်တွေ လုပ်နေတာသိလျက်နဲ့ မျက်ကွယ်ပြုနေတာဟာ အာဆာအဖွဲ့နဲ့ သူတို့ကိုယ်တိုင်မကင်းဘူးဆိုတာ ပြသနေတာပဲဖြစ်ပါတယ်။ ။



## မိုင်းရှူးမြို့နယ်ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၀**
ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူခြင်းနှင့် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဘုရားကြီးကျောင်းတိုက်၌ ပြုလုပ်ရာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါ ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် ရွှေဆိုင်းများကို လည်းကောင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက တာဝန်ရှိသူများထံ အလှူတော်ငွေများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၇၄၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၈၆ ဦး၊ ခွဲစိတ်ရောဂါ ၆၃ ဦး၊ သွားဖွား/ မီးယပ်ရောဂါ ၄၄ ဦး၊ ကလေးရောဂါ ၅၄ ဦး၊ အရိုးရောဂါ ၁၇၃ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၅၅ ဦး၊ မျက်စိရောဂါ ၅၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀ စုစုပေါင်း ၇၄၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အကြီးစားခွဲစိတ်လူနာ တစ်ဦး၊ မျက်စိ ခွဲစိတ်လူနာ ၃၀ တို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၁ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ယနေ့တွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများနှင့် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)မှ တာဝန်ရှိသူများက ၂၀၁၆ ခုနှစ် မတ် ၂ ရက်တွင် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ပေါ်၌ ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် သမီးငယ် မေသံလွင်နှင့် ဆေးရုံတက်ရောက်ကြမည့်သူများကို ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ ထို့ပြင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံရေတပ်စခန်း ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက နေ့လယ်စာနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၈၅ | ၂၀၃၀ | ၂၀၂၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၀ | ၂၀၄၀ | ၂၀၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၀၂၀ | ၂၀၃၀ | ၂၀၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၉၀ | ၂၉၂၀ |
| 95 Ron | ၂၁၀၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၁၀ | ၂၁၅၀ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၈၅ | ၂၁၉၀ | ၂၄၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၅ | ၂၆၀၀ | ၂၆၂၀ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၀ | ၂၆၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၆၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၃၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၃၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၃၀ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၅ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၅ | ၂၉၃၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၈၇ | ၁၉၅၈ |
| 95 Ron | ၂၀၀၃ | ၂၀၇၇ |
| HSD (500 ppm) | ၂၄၄၀ | ၂၅၁၉ |
| HSD (50 ppm) | ၂၅၁၂ | ၂၅၉၁ |
| HSD (10 ppm) | ၂၅၁၂ | ၂၅၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၂)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှု အသိပညာ၊ ဗဟုသုတများရရှိပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ် သင်တန်းကို ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဆွေးနွေးသွားမည့် ဘာသာရပ်များမှာ တိုင်ကြားမှုအပေါ်အရေးယူဆောင်ရွက်ခြင်း၊ အမှုတိုင်ကြားမှုအပေါ် ဆောင်ရွက်မှု အဆင့်ဆင့်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Conflict-related Sexual Violence (CRSV) ဆိုင်ရာ နှစ်စဉ် အစီရင်ခံစာနှင့် မြန်မာနိုင်ငံကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားခြင်း၊ လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးဆိုင်ရာ ဆောင်ရွက်ချက်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများအကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ UNSCR-1325 ၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ Help-line ဝန်ဆောင်မှုနှင့် တစ်နေရာတည်းတွင် အမျိုးသမီးများကို ဝန်ဆောင်မှုပေးခြင်း One Stop Women Support Centre- OSWSC နှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်တို့ ပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**





ထို့အတူ ဒုတိယဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ ဌာနဆိုင်ရာ အသီးသီးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး သုတေသနစာတမ်းဖတ်ပွဲ နှစ်ပတ်လျှင်တစ်ကြိမ် ကျင်းပလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အလို့ငှာ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၊ ခုံရုံးများနှင့် ကောင်စီများအကြောင်းကို လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လည်းကောင်း၊ အာရှနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့်အဆင့်တူ အဖွဲ့အစည်းများအသင်း(AACC)၊ အသင်းဝင်နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်များ အကြောင်းကို လည်းကောင်း လေ့လာ၍ သုတေသနစာတမ်းများကို ပြုစုကာ ၂၀၂၂ ခုနှစ် မေလမှစ၍ နှစ်ပတ်လျှင် တစ်ကြိမ် စာတမ်းဖတ်ပွဲများအား ကျင်းပလျက်ရှိသည်။



နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ (၁၃) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဒေါက်တာမာလာအောင်က “Implementation of Constitutional Review: Challenges and Development Trends” သုတေသနစာတမ်းကိုလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က “ဂါဘွန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး” သုတေသနစာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်မှ ဒုတိယဦးစီးမှူး ရာထူးအဆင့်အထိ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ နည်းလမ်းများနှင့်အညီ တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် သုတေသန စာတမ်းဖတ်ကြားမှုနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိနိုင်ရန်အလို့ငှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး Website တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်များ၊ ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် တရားရုံးများအကြောင်း စာအုပ်များကို အခါအားလျော်စွာ ထုတ်ဝေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

“ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ”၏ (၄/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းနှင့် ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေသည် ရေရှည်ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ပြီး ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေစနစ် အကောင်အထည်ဖော်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုအချိန်ထိ ဆောင်ရွက်ထားရှိမှုများအပေါ် အခြေခံ၍ ဆက်လက်ဆောင်ရွက်ရန်ကိစ္စများ၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသင့်သည့်ကိစ္စများ၊ ရန်ပုံငွေစနစ်ကျင့်သုံးမည့်ပုံစံနှင့် လိုက်လျောညီထွေဖြစ်မည့် ဥပဒေကြမ်းဖြစ်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီအတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲညွှန့်က ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းရေးဆွဲပြီးစီးမှုနှင့် ကျင့်သုံးသင့်သည့်ပုံစံများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီဝင်များက ပိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး အကြံပြုဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌက သုံးသပ်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။





ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် မတ် ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၁/၂၀၂၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သက်ဆိုင်ရာဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ခံစားခွင့်များနှင့် စပ်လျဉ်း၍ ရေရှည်တည်တံ့ ခိုင်မြဲပြီး အားကိုးအားထားပြုနိုင်သည့် ပင်စင်ရန်ပုံငွေစနစ်တစ်ရပ်ကို ထူထောင်ရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေကြမ်းကို ပိုမိုပြည့်စုံစေရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများသို့ပေးအပ်မည့် ပင်စင်အကျိုးခံစားခွင့်များကိုလည်း အသေးစိတ် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မက်တာက ဝန်ထမ်းအရေအတွက် ၁၁၀၀၀ ကျော် လျှော့ချ

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၀**
ဖေ့စ်ဘွတ်၏ မိခင်ကုမ္ပဏီ မက်တာက ၎င်းတို့၏ ဝန်ထမ်း ၁၃ ရာခိုင်နှုန်း သို့မဟုတ် ဝန်ထမ်းအရေအတွက် ၁၁၀၀၀ ကျော်ကို အလုပ်မှ ထုတ်ပစ်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၉ ရက်က ထုတ်ပြန်သည်။

ကြော်ငြာဈေးကွက်ပြိုလဲခြင်းနှင့် ဆယ်စုနှစ်များစွာကြာမြင့်မားသော ငွေကြေးဖောင်းပွမှုများအကြား ကုမ္ပဏီ၏တန်ဖိုး ရုတ်တရက်ကျဆင်းလာခြင်းကြောင့် ယခုလို အစုလိုက် အပြုံလိုက် အလုပ်ထုတ်လိုက်ရခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဝန်ထမ်းများကို ရာထူးမှ ထုတ်ပယ်ခြင်းသည် “ပိုမို ကျစ်လျစ်ထိရောက်သော ကုမ္ပဏီတစ်ခုဖြစ်လာရန်” လုပ်ဆောင်မှုအဆင့်များထဲမှ တစ်ခုဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် မက်ခ်ဇူကာဘတ်က ဝန်ထမ်းများကို ၎င်း၏ဝက်ဘ်ဆိုက်တွင် အသိပေးလိုက်သည်။

တစ်ချိန်က အမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော်တန်ဖိုးရှိသော မက်တာသည် ယခုတစ်နှစ်တည်း၌ပင် ၎င်း၏တန်ဖိုး၏ ၇၀ ရာခိုင်နှုန်းကျော်ဆုံးရှုံးပြီးနောက် ယခုအခါ လုပ်ငန်းတန်ဖိုးဒေါ်လာ ၂၅၆ ဘီလီယံသာရှိတော့သည်။ တတိယသုံးလပတ်ကာလအတွင်း ကုမ္ပဏီ၏ ကုန်ကျစရိတ်နှင့် အသုံးစရိတ်များသည် ဒေါ်လာ ၂၂ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် အသုံးစရိတ်မှာ ၁၉ ရာခိုင်နှုန်း ခုန်တက်သွားခဲ့သည်။ မီတာ၏ အဓိက ကြော်ငြာလုပ်ငန်းသည်လည်း တစ်တော့ခ်ကဲ့သို့ ပြိုင်ဘက်အသစ်များထံမှ ပြိုင်ဆိုင်မှု ပြင်းထန်လာခြင်းကြောင့်လည်း ထိခိုက်နစ်နာခဲ့ရသည်။ ကုမ္ပဏီအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ယခုနှစ်တွင် ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံ ကုန်ကျခဲ့ပြီး ဆုံးရှုံးမှုများမှာလည်း တစ်နှစ်ထက်တစ်နှစ် သိသိသာသာ တိုးလာမည်ဟု ခန့်မှန်းထားသည်။

မက်တာကဲ့သို့ပင် တွစ်တာ၊ မိုက်ခရိုဆော့ဖ်နှင့် စနက်ဖ်တို့အပါအဝင် အခြားသော နည်းပညာကုမ္ပဏီကြီးများကလည်း ထောင်နှင့်ချီသည့် အလုပ်အကိုင်နေရာများ လျှော့ချခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။



မက်တာ၏ အမှုဆောင်အရာရှိချုပ် မက်ခ်ဇူကာဘတ်

**ဆင်ဟွာ**

# ဆန္ဒပြသူတစ်ဦးက ချားလ်ဘုရင်ကို ကြက်ဥဖြင့် ပစ်ပေါက်

**လန်ဒန် နိုဝင်ဘာ ၁၀**
ဗြိတိန်ဘုရင် တတိယမြောက် ချားလ်ဘုရင်နှင့် ကြင်ရာတော်



မိဖုရား ကင်မီလာတို့ ယော့ခ်မြို့သို့ နိုဝင်ဘာ ၉ ရက်က အလည်သွားစဉ် ဆန္ဒပြသူတစ်ဦးက ကြက်ဥဖြင့် ပစ်ပေါက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဆန္ဒပြသူမှာ ၎င်း၏ ပစ်မှတ်နှင့် လွဲချော်သွားခဲ့ပြီး ရဲများ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုလည်းခံခဲ့ရသည်။ ချားလ်ဘုရင်သည် လမ်းပေါ်တွင် ပြန့်ကျဲနေသည့်ကြက်ဥများကို ရှောင်ရှားသွားနေသော်လည်း စိတ်မသက်မသာဖြစ်နေသည့်ဟန် ရှိသည်။ အဲလစ်ဇဘတ် ၂ ဘုရင်မကြီး၏ ရုပ်တုဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်အတွက် ၎င်းနှင့် ကင်မီလာတို့သည် မြောက်ပိုင်းမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။ ဘုရင်အသစ်အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့သည်မှာ နှစ်လမျှသာရှိသေးသော်လည်း နိုဝင်ဘာ ၉ရက်က ကြုံတွေ့ခဲ့ရသည့် ဆန့်ကျင်မှုမှာ ၎င်းအတွက်ပထမဆုံးကြုံတွေ့ရသည့် ဆန့်ကျင်ခံရမှုမဟုတ်ပေ။ ဘုရင်မကြီး သေဆုံးပြီးနောက် ရက်အတန်ကြာတွင် ဆန္ဒပြပွဲများနှင့်ကြုံတွေ့ရပြီး လူအချို့ဖမ်းဆီးခံခဲ့ရသည်။ ဘုရင်စနစ်ဖျက်သိမ်းပေးဟူသော ဆိုင်းဘုတ်ကိုကိုင်ဆောင်ခဲ့သည့် အမျိုးသမီးတစ်ဦးမှာလည်း စကော့တလန် အီဒင်ဘာ့မြို့တွင် ဖမ်းဆီးခံခဲ့ရသည်။

**သည်ဝါရှင်တန်ပို့စ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် ခုနစ်ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၁၀**
ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၁၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၆၇ ဦး ရှိခဲ့သောကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၁၄၀၃၉ ဦးရှိသည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၆၅၂၆ ဦးရှိသည်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် နောက်ထပ်ခုနစ်ဦး ထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၆၄၃၂၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

လူဦးရေ ၁၃ သန်းကျော်နေထိုင်သော မြို့တော် မနီလာတွင် နိုဝင်ဘာ ၁၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃ ဦး ရှိသည်။

ဇန်နဝါရီ ၁၅ ရက်သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၀၀၄ ဦးရှိသည်။ လူဦးရေ သန်း ၁၁၀ ကျော် မှီတင်းနေထိုင်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၇၃ ဒသမ ၆ သန်းကျော်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# တိုယိုတာမှ လျှပ်စစ်ကားများ ထိုင်းနိုင်ငံ၌ ရောင်းချသွားမည်

**ဘန်ကောက် နိုဝင်ဘာ ၁၀**
ထိုင်းနိုင်ငံ၌ လျှပ်စစ်ကား စတင်ရောင်းချတော့မည်ဟု တိုယိုတာ ကားကုမ္ပဏီက ကြေညာခဲ့သည်။ ဂျပန်ကားကုမ္ပဏီဖြစ်သည့် တိုယိုတာကုမ္ပဏီအတွက် အရှေ့တောင်အာရှနိုင်ငံများတွင် နိုင်ငံရပ်ခြားဈေးကွက်ကောင်းများဖြစ်သည်။ ၃၀ စင်တီမီတာ အနက်ရှိသောရေထဲသို့ လျှပ်စစ်ကား စမ်းသပ်မောင်းနှင်မှုပြုလုပ်ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသော ထိုင်းနိုင်ငံရှိလမ်းများတွင် လျှပ်စစ်ကားများမောင်းနှင်ရန် အဆင်ပြေကြောင်း ပြသနိုင်ရေးအတွက် စမ်းသပ်မောင်းနှင်ပြခဲ့ခြင်းဖြစ်သည်။ တိုယိုတာသည် ဈေးကွက်ဝေစု ၃၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားသည့် ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး စဉ်းစားနေသည်။ သို့သော်လည်း ထရုတ်ကားကုမ္ပဏီနှင့် ပြိုင်ဆိုင်နေရသည်။ ဘီဒီဝိုင် လျှပ်စစ်ကားကုမ္ပဏီသည် ထိုင်းနိုင်ငံတွင် စက်ရုံသစ် တည်ထောင်ရန် အစီအစဉ်ကို ချပြထားခဲ့ပြီးဖြစ်သည်။ တိုယိုတာသည် ထိုင်းနိုင်ငံတွင် ထိပ်တန်းကားကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်အတွင်း ကားအစီးရေ ၂၄၀၀၀၀ ကို ရောင်းချခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်ကားရောင်းချမှုတွင်လည်း ထိပ်တန်းရောက်မည်ဟု မျှော်လင့်ထားသည်။

**အင်န်အိတ်ချ်ကေ**



တိုယိုတာကားကုမ္ပဏီမှ ရောင်းချမည့်လျှပ်စစ်ကားကို ပြသထားစဉ်။

# အစာရေစာငတ်မွတ်ခေါင်းပါးသည့် ကလေးအရေအတွက် စစ်ဘေးဒဏ်ခံ ဆီးရီးယားနိုင်ငံ၌ များပြားလာ

**ဒမတ်စကက် နိုဝင်ဘာ ၁၀**
ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာဟာရချို့တဲ့နေသည့် ကလေးများ ငတ်ပြတ်လာကြပြီဟု သိရသည်။ အဆိုပါဒေသမှာ ပဋိပက္ခများနှင့် ရင်ဆိုင်နေရသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်နေပြီဖြစ်သည်ဟု အကူအညီပေးရေး အဖွဲ့အစည်းဖြစ်သည့် Save the Children အဖွဲ့က ပြောသည်။ နေ့စဉ်နှင့်အမျှ အာဟာရချို့တဲ့သည့် ကလေးများကိုတွေ့ရှိနေရပြီး ယခင်ရက်များထက်ပင်ပို၍ များပြားလာကြောင်းနှင့် အလှူရှင်များ လိုအပ်လျက်ရှိကြောင်း အဆိုပါအဖွဲ့က ပြောသည်။

အာဟာရ ချို့တဲ့ခြင်းမှာ ကလေးများအတွက် အသက်အန္တရာယ်ရှိသည်။ ဆင်းရဲမွဲတေခြင်းနှင့် အစားအသောက်များ ဝယ်ယူနိုင်ခြင်းတို့မှာ မိသားစုကြုံတွေ့နေရသည့် အခက်အခဲဖြစ်သည်။ ဧပြီလမှ စက်တင်ဘာလအထိ အာဟာရချို့တဲ့သည့်ကလေးအရေအတွက်မှာ ၁၀၀၀၀ ကျော်ရှိလာသည်ဟု အကူအညီပေးရေးအေဂျင်စီက ပြောသည်။ လွန်ခဲ့သည့် ခြောက်လနှင့် နှိုင်းယှဉ်လျှင် အာဟာရချို့တဲ့သည့် ကလေးအရေအတွက် ၆၆၅၀ တိုးလာသည်ဟု သိရသည်။ ဆီးရီးယားနိုင်ငံတွင် စစ်ပွဲစတင်သည့် ၂၀၁၁ ခုနှစ်မှစကာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။ ဆီးရီးယားရှိ ၉၀ ရာခိုင်နှုန်းမှာ ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ အစိုးရထိန်းချုပ်မှုမရှိသော ဒေသများတွင် အခြေအနေမှာ ပို၍ဆိုးရွားသည်ဟု သိရသည်။

၂၀၁၉ မှ ၂၀၂၁ ခုနှစ်အတွင်း မိသားစုများ၏ဝင်ငွေမှာ တိုးတက်လာခြင်း မရှိသော်လည်း စားသောက် ကုန်ဈေးနှုန်း ၈၀၀ ရာခိုင်နှုန်းအထိ တိုးလာပြီး ၂၀၂၂ ခုနှစ်တွင် ဆက်လက်တိုးလာကြောင်း အဆိုပါ အကူအညီပေးရေး အဖွဲ့အစည်းက ပြောသည်။

**ဆင်ဟွာ**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှုအနေဖြင့် ၁၉ ရက်ဆက်တိုက် ၂ ရာခိုင်နှုန်းအောက်သို့ ကျဆင်း

**(၁၀–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၉–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၀၄,၈၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၂,၅၂၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၇၉၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၉) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်းတွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်–

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ




**နေပြည်တော် နိုဝင်ဘာ ၁၀**


တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၉ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသားကျောင်းသူ ၅၁၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အပြင်ထွက်တိုင်း ပါးစပ်နှင့်
နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# တရုတ် – မြန်မာပို့ဆောင်ရေး ပူးတွဲပို့ဆောင်မှု "ကုန်တင်လက်မှတ်တစ်စောင်တည်းစနစ်"ဖော်ဆောင်

**ကူမင်း နိုဝင်ဘာ ၁၀**

တရုတ်-မြန်မာပို့ဆောင်ရေး ပုံစံမျိုးစုံပူးတွဲပို့ဆောင်မှု ပထမဆုံးကုန်တင်လက်မှတ် ရင်းနှီးငွေထည့်ဝင်မှုနှင့် ကုန်တင်လက်မှတ်(Bill of Loading)လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို Bank of China ကူမင်းလွတ်လပ်စွာကုန်သွယ်ရေးဇုန် ဘဏ်ခွဲ၌ နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

လွတ်လပ်စွာ ကုန်သွယ်ရေးစမ်းသပ်ဇုန်၏ နယ်စပ်ဖြတ်ကျော် ကုန်စည်စီးဆင်းမှု၊ နယ်စပ်ဂိတ်ဖြတ်သန်းမှု၊ ကပ်ရောဂါကာကွယ်ထိန်းချုပ်မှု၊ ကားလမ်း-ရထားလမ်း ပူးတွဲပို့ဆောင်မှု၊ ကုန်ကြမ်းတင်သွင်း၍ ကုန်ချောပြုလုပ်ပြီး တင်ပို့ခြင်းဖြင့် အခွန်လျှော့ခြင်း (Bonded)၊ ကုန်ပစ္စည်းထုတ်ယူခွင့်စသည့် ပြုပြင်ပြောင်းလဲဆန်းသစ် တီထွင်သောစနစ်များ စုစည်းထားမှုကို ဖော်ဆောင်လိုက်ပြီး တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော် ကုန်စည်စီးဆင်းမှု လမ်းကြောင်းစည်းကမ်းပိုင်းဆိုင်ရာ ချိတ်ဆက်မှုကို ဖော်ဆောင်လိုက်ခြင်းပင်ဖြစ်ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

ယခုအကြိမ် ပို့ဆောင်မှုတွင် ရထားလမ်း၊ ကားလမ်း နယ်စပ်ဖြတ်ကျော်ပူးတွဲပို့ဆောင်မှု "ကုန်တင်လက်မှတ်တစ်စောင်တည်းစနစ်"ကို အသုံးပြုပြီး ကားလမ်း ၃၇၀ ကီလိုမီတာခန့်၊ ရထားလမ်း ၈၅၀ ကီလိုမီတာခန့်ရှိကာ စုစုပေါင်းခရီးအရှည် ၁၂၂၀ ကီလိုမီတာရှိသည်။ ထို့ပြင် တရုတ်- မြန်မာ ကားလမ်း၊ ရထားလမ်း ပူးတွဲပို့ဆောင်မှု ကုန်စည်စီးဆင်းမှု စခန်းပေါင်း ၂၀ ကျော်ကို ကျော်ဖြတ်၍ ကုန်ပစ္စည်းကုန်တင်မှု၊ စောင့်ကြည့်မှု၊ အကောက်ခွန်ဌာနဖြတ်သန်းမှု၊ ရွှေ့ပြောင်းပို့ဆောင်မှုစသည်တို့ကို ဖြတ်ကျော်ပြီး နောက်ဆုံးတွင် ကုန်ပစ္စည်းကို မြန်မာနိုင်ငံမှ ကားလမ်းဖြင့် လန်ချန်း-ချင်းရွှေဟော် နယ်စပ်ဂိတ်သို့ ဝင်ရောက်ကာ ကုန်တင်ပြီး လန်ချန်းဘူတာတွင် ရထားလမ်းသို့ရွှေ့ပြောင်း၍ ဟုန်ဟော် အထွေထွေ Bonded ဇုန်သို့ ပို့ဆောင်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။




**သီရိ**

## နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်များကို ဘဏ်စနစ်အသုံးပြုငွေပေးချေရေး အသိပေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု အားကောင်းစေရေး၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်စနစ်အသုံးပြု ငွေပေးချေမှုစနစ်တကျရှိစေရေးအတွက် နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများတင်သွင်းရာတွင် ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

**မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးမည်**

သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့် လုပ်ခလွှဲပို့ငွေ အပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ပြီး သွင်းကုန်တင်သွင်းသူများအနေဖြင့် ရငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၁၀/၂၀၂၂)အရ သိရသည်။

နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးမည်ဖြစ်ရာ ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ငွေ(သို့မဟုတ်) အခြားဝင်ငွေရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထားနှင့် ဘဏ်ငွေစာရင်းရှင်းတမ်းမူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။

ဌာနက သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီက တင်ပြလာသည့် ပို့ကုန်မှရရှိသည့် ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေရောက်မှုပမာဏကို စိစစ်၍ ထုတ်ပေးမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသည့် ကုန်စည် တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်ရာတွင် ပို့ကုန်မှရရှိသည့် ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေဝင်ရောက်မှုကို သက်ဆိုင်ရာ ဘဏ်မှထုတ်ပေးသည့် အထောက်အထား၊ ဘဏ်ငွေစာရင်းရှင်းတမ်း မူရင်းများဖြင့် အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများကို အခြေခံ၍ တင်သွင်းခွင့်ပြုမည့် အစီအစဉ်ကို နိုဝင်ဘာ ၁ ရက်က စတင်ခဲ့ပြီး ယခုနှစ် ဧပြီ ၁ရက်မှစ၍ ဝင်ရောက်သည့် ပို့ကုန်မှရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေဝင်ရောက်မှုရှိသူများ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီအနေဖြင့် ရရှိသည့် ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းဖြစ်စေ ဆောင်ရွက်နိုင်ပြီး အဆိုပါပို့ကုန်မှရရှိသည့် ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်း တင်သွင်းရာတွင် မြန်မာ- ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုသို့ လွှဲပြောင်းသုံးစွဲနိုင်မည်ဖြစ်သည်။ **ကိုရိုး**

## ရောဝတီတိုင်းဒေသကြီး၌ မတ်ပဲဈေးနှုန်း အကျဘက်တွင်ရှိနေ

**ပုသိမ် နိုဝင်ဘာ ၁၀**

ရောဝတီတိုင်းဒေသကြီး၌ မတ်ပဲဈေးနှုန်းသည် အောက်တိုဘာလအတွင်း တစ်တင်းလျှင်ကျပ် ၆၀၀၀၀ ဝန်းကျင်တွင် အတက်အကျဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာလကုန်နှင့် ယခုနိုဝင်ဘာလဆန်းရက်များတွင် ကျပ် ၆၀၀၀၀ အောက်သို့ ရောက်ရှိကာ ဈေးအကျဘက်တွင်သာ ရှိနေကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး၌ တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ အောက်တိုဘာ ၂၅ ရက်တွင် တစ်တင်းလျှင်ကျပ် ၅၉၈၀၀၊ ၂၆ ရက်တွင် ကျပ် ၅၈၈၀၀၊ ၂၇ ရက်တွင် ကျပ် ၅၈၃၀၀၊ ၂၈ ရက်တွင် ကျပ် ၅၇၇၀၀၊ ၂၉ ရက်တွင် ကျပ် ၅၈၃၀၀၊ ၃၀ ရက်တွင် ကျပ် ၅၈၀၀၀၊ ၃၁ ရက်တွင် ကျပ် ၅၇၃၀၀၊ နိုဝင်ဘာ ၁ ရက်တွင် ကျပ် ၅၆၅၀၀ နှင့် ၂ ရက်တွင် ကျပ် ၅၈၂၀၀ အသီးသီးဖြစ်သည်။

မတ်ပဲသည် ပြည်တွင်းစားသုံးမှု လွန်စွာနည်းပါးပြီး ပြည်ပတင်ပို့မှုကိုသာ အဓိကအားထားရသည့် သီးနှံဖြစ်ပြီး လက်ရှိတွင် ပြည်ပတင်ပို့မှု အရောင်းအဝယ်အေးနေသည်။ အဓိက ဝယ်လက်နိုင်ငံတွင်လည်း ပြည်တွင်းစိုက်မတ်ပဲများ ဈေးကွက်အတွင်း အဆက်မပြတ် ဝင်ရောက်နေခြင်းကြောင့် မြန်မာမတ်ပဲဈေးကျလျက်ရှိကာ ပြည်တွင်းအရောင်းအဝယ်လည်း အေးနေကြောင်း သိရသည်။

**ကိုရိုး**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ရန်ကုန် နိုဝင်ဘာ ၁၀

**ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး တရုတ်အာလူးနှင့် သကြားဈေးတို့လည်း မြင့်တက်လာသည်။**

**ဆန်**

ကောက်ညှင်းဆန် ဖျာပုံတစ်အိတ်(ရှယ်) ငွေကျပ် ၉၀၀၀ နှုန်းသို့ ဈေးနှုန်းမြင့်တက်လာသည်။ ယခင်အပတ်တွင် ကျပ် ၈၄၀၀၀ သာရှိသည်။ စပါးကြမ်းအသစ်ဈေး အနည်းငယ်တက်လာပြီး ဆန်ကွဲဆန်ကြမ်းအသစ်နှင့်အဟောင်း ဈေးတက်လာသည်။ နိုဝင်ဘာ ၉ ရက်တွင် ဆန်ကွဲတစ်အိတ်ကျပ် ၃၉၀၀၀၊ မိုးဆန်ကြမ်းအသစ် (မနောသုခ)တစ်အိတ်ကျပ် ၄၃၀၀၀- ၄၃၅၀၀၊ သီးထပ်ဆန်ကြမ်း အဟောင်းတစ်အိတ် ကျပ် ၄၄၀၀၀- ၄၅၀၀၀၊ ရက် ၉၀ ဆန်ကြမ်းအဟောင်းကျပ် ၄၇၀၀၀- ၄၈၀၀၀၊ ပေါ်ကျွဲတစ်အိတ်ကျပ် ၄၉၀၀၀၊ ဖျာပုံပေါ်ဆန်း ကျပ် ၅၇၀၀၀- ၆၀၀၀၀၊ မြောင်းမြ/ ပုသိမ်ပေါ်ဆန်းတစ်အိတ် ကျပ် ၆၀၀၀၀-၆၅၀၀၀၊ ရွှေဘို ပေါ်ဆန်းတစ်အိတ် ကျပ် ၈၅၀၀၀-၉၃၀၀၀နှုန်း အသီးသီးရှိသည်။

**စားအုန်းဆီ**

ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီတစ်ပိဿာကျပ် ၄၃၃၀ ဖြစ်ရာ ယခင်အပတ်ထက် တစ်ပိဿာလျှင် လက်ကားရည်ညွှန်းဈေး ၁၀၅ ကျပ် ဈေးနှုန်းမြင့်တက်လာသည်။ နိုဝင်ဘာ ၉ ရက် အလုယ် လက်ကားလက်ငင်းစားအုန်းဆီတစ်ပိဿာကျပ် ၆၃၀၀ ဝန်းကျင်ရှိသည်။ ယင်း ဈေးနှုန်းဝန်းကျင်ဖြင့် ရက်အတန်ကြာ ဈေးနှုန်းတည်ငြိမ်နေသည်။

**ကြက်သွန်နီ**

တန်ဆောင်တိုင်ရုံးပိတ်ရက်အလွန်ကာလ နိုဝင်ဘာ ၈ ရက်တွင် ကြက်သွန်နီပိဿာချိန် တစ်သိန်းခွဲဝင်ရောက်လာခဲ့သော်လည်း ဈေးနှုန်းမြင့်တက်ခဲ့ရာ ကြက်သွန်လောကအတွင်း စံချိန်တင်အမြင့်ဆုံးဈေးနှုန်းအဖြစ် မြင်းခြံကံဆင့် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံးဈေးကျပ် ၄၅၀၀ ရှိလာသည်။ ဆိပ်ဖြူလက်ကားမှာ အမြင့်ဆုံးတစ်ပိဿာကျပ် ၄၁၀၀ နှင့် တရုတ်ကြက်သွန် တစ်ပိဿာကျပ် ၃၀၀၀ ရှိသည်။ နိုဝင်ဘာ ၉ ရက်တွင် ကြက်သွန်နီပိဿာချိန်တစ်သိန်း ဝင်ရောက်ခဲ့သော်လည်း ဈေးနှုန်းမြင့်တက်လျက်ရှိကာ ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာကျပ် ၃၃၀၀-၃၈၀၀-၄၀၀၀-၄၁၀၀၊ မြင်းခြံကံဆင့်ကျပ် ၃၇၀၀-၄၁၀၀-၄၃၀၀-၄၆၀၀ နှုန်းရှိသည်။ မြင်းခြံကုန်စည်ဒိုင်၌ လက်ကားတစ်ပိဿာ အမြင့်ဆုံးဈေးကျပ် ၂၈၅၀ နှုန်းရှိနေသည်။

**ကြက်သွန်ဖြူ/ အာလူး/ငရုတ်**

နိုဝင်ဘာ ၉ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာကျပ် ၃၅၀၀၊ ရှမ်းအောင်ပန်း ကြက်သွန်ဖြူ ကျပ် ၃၀၀၀-၃၆၀၀-၃၈၀၀-၄၁၀၀ နှုန်းရှိသည်။

တရုတ်အာလူး လက်ကားတစ်ပိဿာကျပ် ၂၂၀၀- ၂၂၅၀ ရှိပြီး ရှမ်းအောင်ပန်းအာလူး အဝင်မရှိ၍ ဈေးနှုန်းမဖွင့်ပါ။

နယ်စုံ မိုးထောင်ငရုတ်လက်ကားတစ်ပိဿာ ကျပ် ၁၆၀၀၀၊ ရှမ်းမိုးထောင်အသစ် ကျပ် ၁၆၅၀၀၊ ရှမ်းငရုတ်ရှည်အသစ် ကျပ် ၁၇၃၀၀၊ မြားနီအအေးခန်းထုတ် ငရုတ်ရှည် ကျပ် ၂၀၀၀၀ နှုန်းရှိသည်။ ရှမ်းဘူးဆို့ငရုတ်ပွလက်ကားတစ်ပိဿာ ကျပ် ၂၀၅၀၀၊ ဆီးငရုတ်ပွ ကျပ် ၂၂၃၀၀၊ ဆင်ဖြူကျွန်း ငရုတ်ပွအအေးခန်းထုတ် ကျပ်၂၈၀၀၀၊ မြစ်ဝငရုတ်ပွ အအေးခန်းထုတ် ကျပ် ၃၀၀၀၀နှုန်း အသီးသီး ရှိနေသည်။

**ပဲအမျိုးမျိုး**

နိုဝင်ဘာ ၈ ရက်တွင် မတ်ပဲတစ်တန်ကျပ် ၁၈ သိန်း အထက်သို့ ပြန်လည်ဈေးမြင့်တက်လာပြီး နိုဝင်ဘာ ၉ ရက်တွင် ကျပ် ၁၈ သိန်းအောက် ဈေးပြန်ကျလာသည်။ ယင်းနေ့တွင် မတ်ပဲ (FAQ/RC )တစ်တန်ကျပ် ၁၇၉၀၀၀၀ ၊ SQ/RC တစ်တန်ကျပ် ၂၁၁၅၀၀၀ ၊ ပဲစင်းငုံ (Red/ RC) တစ်တန်ကျပ် ၁၉၂၅၀၀၀ နှုန်းရှိသည်။ ကုလားပဲခြမ်းတစ်ပိဿာကျပ် ၄၁၀၀-၄၃၀၀ နှုန်းရှိသည်။

**အောင်ခင်နိုင်**

## ဂျာမနီနိုင်ငံက တရုတ်နိုင်ငံနှင့် ဆိပ်ကမ်းလုပ်ငန်း လုပ်ကိုင်ခွင့် သဘောတူညီချက်ရယူ

**ဟမ်းဘတ် နိုဝင်ဘာ ၁၀**

ဂျာမနီနိုင်ငံ၏ အဓိကအကြီးဆုံးဆိပ်ကမ်းတစ်ခုဖြစ်သော ဟမ်းဘတ်ဆိပ်ကမ်း ကွန်တိန်နာအဆောက်အအုံလုပ်ငန်း၏ ၂၅ ရာခိုင်နှုန်းအောက်ကို တရုတ်နိုင်ငံ၏ နိုင်ငံပိုင်သင်္ဘောလုပ်ငန်း ကုမ္ပဏီကြီးတစ်ခုဖြစ်သော Cosco ကုမ္ပဏီကို ဝယ်ယူလုပ်ပိုင်ခွင့်ပေးရန် ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက အောက်တိုဘာ လကုန်ပိုင်းတွင် ညှိနှိုင်းမှုများပြုလုပ်ကာ သဘောတူဆုံးဖြတ်ခဲ့ကြသည်။

မူလက ၃၅ ရာခိုင်နှုန်း ခွင့်ပြုလုပ်ကိုင်ခွင့်ပေးရန် လျာထားခြင်းကို ၂၅ ရာခိုင်နှုန်းသို့ ပြောင်းလဲလျှော့ချသတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးသဘောတူခဲ့ခြင်းဖြစ်ပြီး ဂျာမနီနိုင်ငံ၏ အဓိကအရေးပါသော ဆိပ်ကမ်းတစ်ခုတွင် နိုင်ငံခြားလုပ်ငန်းတစ်ခုကို လုပ်ကိုင်ခွင့်ရှယ်ယာပေးခြင်းအပေါ် ဝေဖန်မှုများရှိသော်လည်း လုပ်ငန်းသဘောတူညီမှုအပေါ်ထောက်ခံသူများက ဟမ်းဘတ်ဆိပ်ကမ်း၏ လုပ်ဆောင်မှုများ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်နှင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း ထောက်ပြကြသည်။

ဂျာမန်ဝန်ကြီးချုပ် Mr. Olaf Scholz က ဝေဖန်မှုများကို ပယ်ချခဲ့ပြီး အစိုးရပြောရေးဆိုခွင့်ရှိသူက ဝန်ကြီးချုပ်အနေဖြင့် ဆိပ်ကမ်းပိုင်ဆိုင်မှု ဝေစုရောင်းချခြင်းမျိုးမဟုတ်ဘဲ ကွန်တိန်နာစခန်းတစ်ခုရှိ အစိတ်အပိုင်းတစ်ခုကို ရောင်းချခြင်းအတွက် သဘောတူညီမှုရယူခြင်းသာဖြစ်ကြောင်း၊ ရှယ်ယာဝေစုအနည်းငယ် လုပ်ပိုင်ခွင့်ပေးခြင်းသာဖြစ်ကြောင်း ဖြေကြားခဲ့သည်။



ဂျာမနီနိုင်ငံ၏ အကြီးဆုံး ဟမ်းဘတ်ဆိပ်ကမ်း။

## ထိုင်းနိုင်ငံ အခွန်ဌာနက အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပြုစု

**ဘန်ကောက် နိုဝင်ဘာ ၁၀**

ထိုင်းနိုင်ငံ အခွန်ဌာနသည် နိုင်ငံအတွက် အခွန်ပိုမိုကောက်ခံရရှိနိုင်ရေး ရည်ရွယ်၍ အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် ဥပဒေကြမ်း ပြုစုရေးဆွဲလျက်ရှိသည်။ ထိုင်းနိုင်ငံအခွန်ဌာနသည် ပြည်တွင်းနေ နိုင်ငံခြားကုမ္ပဏီ/အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းအချက်အလက်များ ဖလှယ်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ထိုင်းနိုင်ငံအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု အခွန်ဌာန၏ ညွှန်ကြားရေးမှူးချုပ်က ပြောကြားထားသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၆ ရက်တွင် ထိုင်းနိုင်ငံလွှတ်တော်က Multilateral Competent Authority Agreement on Automatic Exchange of Financial Account Information သဘောတူညီချက်ကို လက်မှတ်ရေးထိုးအတည်ပြုလိုက်ပြီး အဆိုပါ သဘောတူညီချက် အတည်ပြုပြီးနောက် အခွန်ဌာနအနေဖြင့် ထိုကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းကို အထောက်အကူပြုရန် ဥပဒေကြမ်းပြုစုရေးဆွဲခြင်းကို စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်တွင် ဘရူနိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် ပါဝင်လက်မှတ်ရေးထိုးထားသည့်နိုင်ငံ ၁၁၇ နိုင်ငံရှိပြီး ဥပဒေစတင် အကျိုးသက်ရောက်ပြီးသည်နှင့် ထိုင်းနိုင်ငံအနေဖြင့် အဆိုပါသဘောတူညီချက်၌ ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများနှင့်အတူ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းကို စတင်သွားရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ လုပ်ဆောင်မှုသည် အခွန်ဆိုင်ရာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းနှင့် အခြားနိုင်ငံများနည်းတူ နိုင်ငံတကာစံနှုန်းများနှင့်အညီ အခွန်ကောက်ခံသည့် အလေ့အကျင့်များနှင့် စပ်လျဉ်း၍ မျှတသောပြုမူလုပ်ဆောင်မှုအဖြစ် ရည်မှန်းထားကြောင်း ဘန်ကောက်ပို့စ်သတင်းစာမှ ကောက်နုတ်ဖော်ပြချက်အရ သိရသည်။

## အိန္ဒိယပို့ကုန်များ ဝယ်လိုအားကျဆင်းလာ၍ ထုတ်လုပ်မှု လျှော့ချနေရ

**ဒေလီ နိုဝင်ဘာ ၁၀**

အမေရိကန်နှင့် ဥရောပဈေးကွက်များမှ ဝယ်လိုအားခန်းခြောက်လာသဖြင့် အိန္ဒိယနိုင်ငံ ပို့ကုန် ကုန်ထုတ်လုပ်ငန်းများသည် ထုတ်လုပ်နိုင်စွမ်းအားကို လျှော့ချလျက်ရှိသည်။ ပို့ကုန်ကုန်ထုတ်လုပ်ငန်းများမှ ထုတ်လုပ်နိုင်စွမ်း၏ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နေကြရပြီး အလုပ်ချိန်မှာ မူလက အချိန် သုံးဆိုင်းအစား အချို့စက်ရုံများ၌ အလုပ် ချိန်အဆိုင်းများ လျှော့ချလာကြကြောင်းလည်း သိရသည်။

စံချိန်တင်မြင့်တက်နေသည့် ငွေကြေးဖောင်းပွမှုနှင့် တင်းကျပ်သည့် မူဝါဒများကြောင့် စားသုံးသူများ လျော့နည်းသွားခြင်းကလည်း ပို့ကုန်ဝယ်လိုအား ကျဆင်းရခြင်း အချက်ဖြစ်ကြောင်း သိရသည်။ မှာကြားထားသူများက ကုန်ချောပို့ခိုင်းရာတွင် အချိန်ကြာမြင့်သဖြင့် အမှာစာများ ယခင်က ခြောက်လစာကြိုတင်ရရှိနေတတ်သော်လည်း ယခုအခါ ထိုသို့မများတော့ကြောင်း၊ နိုင်ငံအချို့၏ အမှာစာများမှာ အားရစရာမကောင်းကြောင်း Avon Cycles ၏ ဥက္ကဋ္ဌနှင့် မန်နေးဂျင်းဒါရိုက်တာ Onkar Singh Pahwa ကပြောကြားသည်။

အိန္ဒိယကုန်ပစ္စည်းတင်ပို့မှုသည် ဩဂုတ်လတွင် ၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာနောက်ပိုင်းအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ခြင်းလည်းဖြစ်သည်။ ချည်မျှင်၊ အထည်အလိပ်နှင့် လက်လုပ်ထည်များ တင်ပို့မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၃၂ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ပြီး အင်ဂျင်နီယာဆိုင်ရာ ကုန်ပစ္စည်းများတင်ပို့မှုမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည်။



အိန္ဒိယနိုင်ငံရှိ အထည်ချုပ်စက်ရုံတစ်ရုံမှ အလုပ်သမားများ။

ဇူလိုင်လအတွင်း IMF က ထုတ်ပြန်ထားသည့် World Economic Outlook အစီရင်ခံစာ၌ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့စီးပွားရေးကြီးထွားနှုန်းမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားကာ ၂၀၂၁ ခုနှစ်က ၆ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့သည်။ စစ်ပွဲများကြောင့် ဥရောပဘက်မှ ဝယ်လိုအားကို ပျက်ယွင်းလာစေသည်ဟု အိန္ဒိယ အထည်ချုပ်တင်ပို့ရောင်းချသူများကဆိုကြပြီး ကမ္ဘာ့လက်လီရောင်းချသူ အများစုမှာ ပစ္စည်းလက်ကျန်များပြားနေသဖြင့် အိန္ဒိယမှဝယ်ယူမှုများကို လျှော့ချလာကြခြင်းဖြစ်ကြောင်းလည်း သိရသည်။ ထို့အတူ ငွေကြေးဖောင်းပွခြင်း၊ စံချိန်တင်မြင့်မားသည့် စွမ်းအင်ဈေးမြင့်ခြင်းများကလည်း ဝယ်လိုအား နှေးကွေးမှုဖြစ်စေကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

"ကုန်ထုတ်လုပ်ငန်း အတော်များများက သူတို့ရဲ့ အလုပ်သမားတွေကို တစ်ပတ်မှာ နှစ်ရက်၊ သုံးရက်အထိ နားခွင့်ပေးထားရပါတယ်" ဟု Tiruppur Exporters' Association ဥက္ကဋ္ဌ Raja M Shanmugham က ပြောကြားသည်။ "ထုတ်လုပ်ပြီးသားကို ပို့ခိုင်းတာ နှောင့်နှေးနေရတဲ့အတွက် အမှာစာအသစ်တွေလည်း ထပ်မလာတော့ပါဘူး။ ဒါကြောင့် စွမ်းအားပြည့်မလည်ပတ်နိုင်ဘဲ ထက်ဝက် ဒါမှမဟုတ် သုံးပုံတစ်ပုံလောက်လျှော့ချလုပ်ကိုင်နေရတယ်" ဟု အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လာမည့်လအနည်းငယ်အတွင်း ထပ်မံကျဆင်းလာနိုင်မည်ဟု စိုးရိမ်ပူပန်သူများလည်း ရှိနေပြီး အမှာစာများလည်း ထိခိုက်လာနိုင်ကြောင်း အိန္ဒိယ၏ အကြီးဆုံးဖိနပ်ထုတ်လုပ်တင်ပို့ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ Rafeeque Ahmed က ပြောကြားသည်။

## အီတလီနိုင်ငံ၌ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ ပြပွဲကျင်းပ

**ဘိုလော့ဂ်နာ နိုဝင်ဘာ ၁၀**

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့၌ ၁၉၆၉ ခုနှစ်မှစ၍ နှစ်နှစ် တစ်ကြိမ်ကျင်းပသည့် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများပြပွဲ (International Exposition of Machinery for Agriculture and Gardening– EIMA International)ကို အီတလီ စိုက်ပျိုးရေးဆိုင်ရာ စက် ပစ္စည်း ထုတ်လုပ်သူများ ဖက်ဒရေးရှင်း (Italian Agricultural Machinery Manufacturers Federation) က ဘိုလော့ဂ်နာပြပွဲများဌာနနှင့် ပူးပေါင်း၍ ဦးဆောင်ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ မြေယာပြုပြင်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးမှုပိုင်း အဆင့်မြင့်နည်းပညာနှင့် စက်ကိရိယာပစ္စည်း မော်ဒယ်မျိုးစုံကို နိုင်ငံများစွာက လာရောက်ခင်းကျင်းပြသကြလေ့ရှိပြီး EIMA International ကို ကိုဗစ်–၁၉ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၈ ခုနှစ်က ကျင်းပခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ အောက်တိုဘာလတွင် ပြန်လည်ကျင်းပခဲ့ရာ ပြသသည့် ကုမ္ပဏီပေါင်း ၁၃၆၄ ခုနှင့် လာရောက် လေ့လာကြည့်ရှုသူပေါင်း ၂၇၀၇၀၀ ရှိခဲ့သည်။

ယခု ၂၀၂၂ ခုနှစ် ပြပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲပြသသည့် ကုမ္ပဏီပေါင်း ၂၀၀၀ ခန့်နှင့် နိုင်ငံပေါင်း ၁၅၀ မှ လာရောက်လေ့လာကြည့်ရှုသူပေါင်း သုံးသိန်းခန့် စာရင်းရရှိထားသည်။ ပြပွဲတွင် လယ်ယာမြေဖော်ထုတ်ခြင်းနှင့် သစ်တောဆိုင်ရာ စက်ကိရိယာများ၊ အင်ဂျင်များ၊ ထွန်စက်များ၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ အပင်နှင့်သီးနှံကာကွယ်ရေး၊ ရေသွင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် မွေးမြူရေးလုပ်ငန်း စီမံဆောင်ရွက်မှုဆိုင်ရာ စက်ကိရိယာများ စသည်တို့ပါဝင်သည့် အဓိကလုပ်ငန်းကဏ္ဍ ၁၄ ခု အတွက် ပြသမှုများနှင့် Trade shows များ၊ ကွန်ဖရင့်များ၊ စီးပွားရေး တွေ့ဆုံဆွေးနွေးပွဲများစွာ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်တင်ပို့နေသော ကောင်းရန့်ကုမ္ပဏီသည် Italian Trade Agency (ITA) ၏ ဖိတ်ကြားစီစဉ်မှုအရ ပြပွဲကာလအတွင်း လာရောက်လေ့လာ၍ စီးပွားရေးတွေ့ဆုံ ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးမည်ဖြစ်ကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

## တရုတ်နိုင်ငံ၌ ဆေးဝါးများအတွက် အီလက်ထရွန်နစ် မှတ်ပုံတင်လက်မှတ်များ စတင်ထုတ်ပေး

**ကူမင်း နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံ အမျိုးသားဆေးဘက်ဆိုင်ရာ ထုတ်ကုန်များ စီမံခန့်ခွဲရေးအဖွဲ့ (National Medical Products Administration) သည် ဆေးဝါးများအတွက် အီလက်ထရွန်နစ်မှတ်ပုံတင်လက်မှတ် (E–Registration) များကို နိုဝင်ဘာ ၁ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိသည်။

၎င်းတွင် ဆေးဘက်ဆိုင်ရာ စမ်းသပ်ခွင့်ပြုချက်လက်မှတ်များ၊ ဈေးကွက်ရှာဖွေရေးခွင့်ပြုချက်လက်မှတ်များ၊ ပြန်လည်မှတ်ပုံတင်ခြင်း လက်မှတ်များ၊ ဖြည့်စွက်လျှောက်လွှာတင်ခွင့်ပြုချက် လက်မှတ်များ၊ တရုတ်တိုင်းရင်းဆေး အကာအကွယ်လက်မှတ်များ၊ တင်သွင်းကုန်ကြမ်းပါဝင်ပစ္စည်းများနှင့် ဓာတုကုန်ကြမ်းများ ပါဝင်ကြောင်း၊ သက်သေခံလက်မှတ်များကို အွန်လိုင်းတွင် စစ်ဆေးနိုင်ကြောင်း ကူမင်းမြို့ရှိ မြန်မာစီးပွားရေးသံမှူးက သတင်းထုတ်ပြန်ထားသည်။

သတင်းရင်းမြစ်များ– မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

# တရားမဝင် သစ်မျိုးစုံ၊ တီရှပ်အစာ၊ စားသောက်ကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် ဆိုင်ကယ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၃၇၆၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတား စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ လီတာ ၁၀၂၀၀ နှင့် Lipo အချိုရည် ဂျပ်ဖာ ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တီရှပ်အစာ ကီလိုဂရမ် ၂၃၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၈၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းပြားမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂၄ ဒသမ ၉၆၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၄၈၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ် ဇီးလုံးကျေးရွာအတွင်း တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၂၄၇၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၈၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၇၂ ဒသမ ၇၄၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၅၂၇၆) ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော ရေခဲမုန့် ၁၂၀၅ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၈၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Freezer Box Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၃၈၂၇၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာလ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၂၉၈၇၅၂)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



# ရန်ကုန်မြစ်အတွင်း မီးလောင်နေသည့်သင်္ဘောတစ်စင်းအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ငြှိမ်းသတ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့အနီး ရန်ကုန်မြစ်အတွင်းရှိ သမ္မတကမ်းခြေဆိပ်ကမ်းအနီး၌ ယနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်ခန့်တွင် ဆင်ဟိုင်း - ၆ အမည်ရှိ တွန်းသင်္ဘောတစ်စင်း မီးလောင်နေကြောင်း သတင်းအရ တပ်မတော် (ရေ)မှပင်လယ်သွားတွဲဆွဲ ရေယာဉ် သုံးစင်းသည်ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါမီးလောင်ရသည့် အကြောင်းရင်းအား သက်ဆိုင်ရာမှ ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်း၊ တောင်ဥက္ကလာပနှင့် မိုင်းခတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် နွယ်သာကီလမ်းသွယ်(၂)တွင် မမီမီချို(ခ) မီးကင်းငယ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီ ၅၅ မိနစ်တွင် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် နွယ်သာကီလမ်းသွယ်(၂)ရှိ ရခိုင်(ခ)မောင်မောင်လှ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိုက်စ် သုညဒသမ ၀၀၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၉၁၅ ပြားကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက် ရာဇဓိရာဇ်လမ်းနှင့် ရာဇဓိရာဇ်(၂၇) လမ်းထောင့်တွင် ကျော်ခင်လှ(ခ)ဖိုးကျော် အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းခတ်မြို့နယ် မိုင်းကာကျေးရွာအုပ်စု ဝမ်မိုင်ကျေးရွာနေ မရီလှ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂နာရီခွဲတွင် မိုင်းခတ်မြို့နယ် မိုင်းကာကျေးရွာအုပ်စု ပန်နော်လောင်းကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူအားတို မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၇၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄ သန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၇၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ပင်လောင်း - တပ်ကုန်း သွားကားလမ်း လိန်းလီကြိုးတံတားအနီးတွင် ပင်လောင်းမှ တပ်ကုန်းသို့ ဇော်မင်း မောင်းနှင်လာသည့် HINO ၁၂ ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၇၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄၃၈ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၁-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(**အဠနာဋိယသုတ်**)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "ပြည်သူအားလုံးနှင့်သက်ဆိုင်သောအနာဂတ်ဒီမိုကရေစီ"
၀၉:၁၀ "**နေရောင်ခြည်ရဲ့လျှပ်စစ်စွမ်းအင်**"
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း '**ပေတ္တာလက်ကမ်း**'
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၂၃)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**' (အပိုင်း-၃၀)
၁၄:၄၅ မျိုးဝင်္ကာတင့်စေဆိုကရေးတီးအမွေ
၁၆:၃၅ လူငယ်ရေးရာအစီအစဉ်
၁၇:၁၅ ASEAN Information Exchange Initiative Program 2022
၁၇:၃၀ Weekly Sports Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သုတဝေဖြာ...သီရိဝေဟာ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါးအချစ်ချိုချို**' (အပိုင်း-၂၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၁)

### mitv

07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:12 Betel Nut Farmer
07:24 Golden Mandalay Hill
07:29 Secret Recipes by Gourmet Chefs (India)
08:01 News
08:26 Ecotourism: White City Block &Japanese Underground Hospital
08:41 Ngapali, Unique Spot To Relax
09:01 Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
09:05 Sarpay Beikman Diamond Jubilee
09:16 Mhaw Yaw Gyi Elephant Camp
09:32 Pan Tamawt... Stone Carving
10:01 News
10:26 Topical Topics
10:32 Trend of Kachin Dress

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ

**ချင်း(လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဆောင်းတွင်းမှာတစ်မူထူးခြားပြီး သာယာလှပတဲ့ ဖလမ်းမြို့

**ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လှည့်စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံမြို့

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၁)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ငါးပေါင်းချက်ကြမယ်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ခဲသမားတို့ရဲ့ဘဝ

**ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၁၅ ရသစုံစွာကျဲ့မြေပြကမ္ဘာ
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ကျောင်းမှန်မှန်တက်စာမခက်**"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်း
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသသတင်း
၀၆:၂၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၆:၄၅ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားထူးချွန်ဆုရရှိသူများ၏စကားသံများ
၀၇:၀၀ ကျေးလက်ကွန်ရက်
၀၇:၅၀ နှစ်ရှည်ဝင်ငွေတိုးစေဖို့ စပျစ်စိုက်ကြစို့
၀၈:၁၅ ရွှေဘိုသားတို့အားထားပေါ်ဆန်းစပါး
၀၈:၅၀ သီးနှံအရည်အသွေးမှန်ကန်နိုင်ရေးနည်းစနစ်ကျကျစိုက်ပျိုးပေး

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိုး၊ မိုးကြိုချေးငွေများနှင့် လက်ဖက်အချိန်စေ့ ကြွေးကျန်များ ကောက်ယူရရှိမှု ဆွေးနွေး




သီပေါ နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောင်မဲမြို့နယ်၌ မိုး၊ မိုးကြို ချေးငွေများ ထုတ်ချေးထားမှု၊ ကောက်ခံရရှိမှုနှင့် လက်ဖက် အချိန်စေ့ကြွေးကျန်များ ကောက်ယူ ရရှိမှုနှင့်ပတ်သက်၍ ညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေ ပိုင်းက မြို့နယ်အစည်းအဝေး ခန်းမ၌ကျင်းပရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အထွေထွေ မန်နေဂျာ ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောက်မဲခရိုင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်လွင်က အချိန် စေ့လွန်ကြွေးကျန်များ ကောက်ခံ ရရှိမှုအခြေအနေနှင့် နယ်မြေဒေသ အခြေအနေများကို တင်ပြရာ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန်နေဂျာက ကြွေးကျန်များ ပြေကျေရေးအတွက် ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ ကို ပြောကြားပြီး မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ နှင့် မြို့နယ်ချေးငွေအကြံပေး အဖွဲ့ဝင်များကလည်း လိုအပ် သည်များ ဖြည့်စွက်ဆွေးနွေး ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁၁ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၀၁၃၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၀၀၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၀၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၀၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၀၀ ကျပ် | ၂၇၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၂၅ ကျပ် | ၂၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၄၅ ကျပ် | ၂၁၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၉၈ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၉၆၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၄ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၆ . ၈၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၅၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၈၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၂၄၇၄ | ၂၂၆၂၃၄၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၅၃၆ | ၁၇၉၅၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇၀ | ၅၃၉၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၉၇၉ | ၁၉၀၉၀၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၁ | ၅၆၇၀၀ |
| EFR | ၂၆၅၀ | ၂၇၀၀ | ၁၁၁ | ၂၉၄၂၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊** **စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# MSME ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ဦးတီထွင်လူငယ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

----- *ကြည်လင်း (SME)* -----

**စွန့်ဦးတီထွင်မှု မူဝါဒများ**

ဖွံ့ဖြိုးပြီးနိုင်ငံများမှ အစိုးရများသည် လူငယ်များနှင့် အမျိုးသမီးများအား စွန့်ဦးတီထွင်မှု အစီအစဉ်များတွင် ပါဝင်စေရန် အားပေးဖန်တီးပေးခြင်း၊ လုပ်ငန်းစတင်ခြင်းကို အားပေးသည့် မူဝါဒများဖြင့် လုပ်ငန်းစတင်တည်ထောင်လိုစိတ်ကို ဆွဲဆောင်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးပြီး ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများရရှိနိုင်စေရန် ပံ့ပိုးပေးခြင်းများဆောင်ရွက်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာရန်နှင့် အလုပ်လက်မဲ့နှုန်းကို ကျဆင်းစေရန် ဆောင်ရွက်ကြပါသည်။

**စွန့်ဦးတီထွင်သူအဖြစ် အောင်မြင်ရန် လူတိုင်းတွင် အခွင့်အရေးရှိသည်ဟု ယုံကြည်သောစိတ်ဖြင့်** လုပ်ငန်းများ စတင်လုပ်ကိုင်စေရန် အားပေးမြှင့်တင်ပေးရမည့် တာဝန်မှာ နိုင်ငံတော်နှင့် အစိုးရအားလုံး၏ တာဝန်ဖြစ်သောကြောင့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများမှ အစိုးရများသည် အမျိုးသမီးများ၊ လူငယ်များအပါအဝင် အားလုံးသောသူများကို ကိုယ်ပိုင်လုပ်ငန်းမှတစ်ဆင့် စီးပွားရေးတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး ဝင်ငွေများဖန်တီးနိုင်စေရန်အတွက် **အားလုံးပါဝင်နိုင်သော စွန့်ဦးတီထွင်မှု မူဝါဒများ** (Inclusive Entrepreneurship Policies) ချမှတ်၍ ပံ့ပိုးကြကြောင်းတွေ့ ရပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက MSME များ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)၊ မူဝါဒ (၂၀၁၅) နှင့် နည်းဥပဒေများ (၂၀၁၆) တို့ကို ပြဋ္ဌာန်းထုတ်ပြန်ကာ MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အသစ်များ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ MSME များကို ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးကူညီပေးခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်စေရန်အတွက် ရည်ရွယ်ပါသည်။ ထို့သို့ MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပြီး အလုပ်လက်မဲ့နှုန်းလျှော့ချသောနည်းဖြင့် ပံ့ပိုးသကဲ့သို့ လူငယ်များ၊ အမျိုးသမီးများကို စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖြစ်လာစေရန် မြေတောင်မြှောက် ပံ့ပိုးပေးခြင်းနည်းဖြင့်လည်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

လူငယ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ရေးတွင် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်ကိုမြှင့်တင်ပေးရာတွင် အထောက်အကူပြုလုပ်ငန်းစဉ်အဖြစ် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ ခရိုင်များ အားလုံးတွင် ဖွင့်လှစ်နိုင်ရန်** ဆောင်ရွက်လျက်ရှိကြောင်း ၂၂-၁၀-၂၀၂၂ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အသိပေးပြောကြားခဲ့ပါသည်။

**မီးခဲပြာဖုံး စွန့်ဦးတီထွင်လုပ်ငန်းရှင်များ**

နိုင်ငံတကာ၌ လူငယ်နှင့် အမျိုးသမီးများကို မီးခဲပြာဖုံးနေသော (သို့မဟုတ်) ပျောက်ကွယ်နေသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ **“Missing Entrepreneurs”** များအဖြစ် တင်စားပြီး ၎င်းတို့ကို ပံ့ပိုးပေးနိုင်မည့် မူဝါဒများဖြစ်သည့် လူငယ်စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ အမျိုးသမီး စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့် အားလုံးပါဝင်သော စွန့်ဦးတီထွင်မူဝါဒစသည်ဖြင့် ချမှတ်၍ ပံ့ပိုးပေးလျက်ရှိသည်ကို တွေ့ရပါသည်။

**MSME များနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဆက်စပ်မှု**

လေ့လာမှုများအရ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် လူငယ်အလုပ်လက်မဲ့နှုန်း မြင့်မားပါသည်။ လက်ရှိကာလတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ စာရင်းဇယားများအရ member card ထုတ်ပေးထားသည့် အရေအတွက်သည် ၃၀-၉-၂၀၂၂ ရက်အထိ ၄၀၇၆၆ ခုရှိပြီး အခြားဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းများအရေအတွက်မှာ ၂၅၃၁၈၁ ခု ဖြစ်ပါသည်။ နိုင်ငံအတွင်း လုပ်ကိုင်နေသော MSME အရေအတွက်သည် လူငယ်များ၏ အလုပ်လက်မဲ့နှုန်းနှင့် တိုက်ရိုက်သက်ရောက်မှုရှိသည်ဟု လေ့လာသိရှိရပြီး MSME အရေအတွက်များပြားလာမှသာလျှင် အလုပ်အကိုင်သစ် ဖန်တီးနိုင်၍ အလုပ်လက်မဲ့နှုန်းကို လျှော့ချသည့်နေရာတွင် ကူညီအားဖြည့်ပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိလုပ်ကိုင်နေသော MSME အရေအတွက်သည် အလုပ်လိုအပ်နေသည့် လူငယ်များနှင့် အလုပ်အကိုင်မရှိသော လူများအားလုံးအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးရန် လုံလောက်သော အရေအတွက်ဖြစ်ရန် လိုအပ်သောကြောင့် အစပျိုးလုပ်ငန်းသစ်များ ပေါ်ထွန်းလာရေး အားပေးရန် လိုအပ်ပါသည်။

**လူငယ်၊ အမျိုးသမီးများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများ**

လက်ရှိလုပ်ငန်းဆောင်ရွက်နေသော MSME များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရုံသာမက MSME အရေအတွက် တိုးပွားလာစေရန်၊ အစပျိုးလုပ်ငန်း (start-up) များ၊ စွန့်ဦးတီထွင်သူများပေါ်ပေါက်လာစေရန်အတွက် လူငယ်နှင့် အမျိုးသမီးများကို တွန်းအားပေး ပံ့ပိုးပေးရန် လိုအပ်ပါသည်။ လူငယ်နှင့် အမျိုးသမီးများအနေဖြင့် စွန့်ဦးတီထွင် လုပ်ကိုင်လိုစိတ်ရှိပြီး အစပျိုးလုပ်ငန်း (start-up) များအဖြစ် ပေါ်ထွက်လာပါက စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖြစ်လာသည့်အတွက် အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကင်းလွတ်သွားပြီး အလုပ်လက်မဲ့နှုန်း လျှော့ချရာတွင် အထောက်အကူဖြစ်ခြင်း၊ လူငယ်များ၏ ဖန်တီးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှုများ တိုးတက်လာစေခြင်း၊ ဝင်ငွေရရှိမည့် လုပ်ငန်းများကို ပိုမိုစိတ်ဝင်စားစေရန် ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်နှင့် အမျိုးသမီးများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါသည်။ ထိုသို့သော အကျိုးကျေးဇူးများကြောင့် လူငယ်နှင့် အမျိုးသမီးများ၏ လုပ်နိုင်စွမ်းအားနှင့် အခန်းကဏ္ဍကို နိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ရာ၌ အကျိုးရှိထိရောက်စွာ အသုံးချ၍ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရေး အလေးထား ပံ့ပိုးပေးကြခြင်းဖြစ်ပါသည်။

**စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း**

စက်မှုဝန်ကြီးဌာနအနေဖြင့် လူငယ်နှင့် အမျိုးသမီးများ၏ လုပ်နိုင်စွမ်းအားနှင့် အရေးပါမှုတို့ကို အလေးထား ပံ့ပိုးပေးနိုင်ရန် MSME Regional Action Plan (2018) တွင် အဓိကလုပ်ငန်းအစီအစဉ်တစ်ခုအဖြစ် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ Action Plan အရ လူငယ်နှင့် အမျိုးသမီးများကို start-up များအဖြစ် စွမ်းရည်မြှင့်တင်ပေးသည့် “Entrepreneurship Education and Skill” လုပ်ငန်းအစီအစဉ်ကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အကောင်အထည်ဖော်ရာတွင် ၂၀၂၂ ခုနှစ် ဇွန်လအထိ Entrepreneurship Skill များတိုးတက်ရန် လိုအပ်သည့် သင်တန်းများကျင်းပပေးခြင်း၊ Entrepreneur များနှင့် Investor များကို ချိတ်ဆက်ပေးခြင်းစသည့် လုပ်ငန်းအစီအစဉ် ၈၀၊ ရာခိုင်နှုန်းအားဖြင့် ၇၉ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ လူငယ်နှင့် အမျိုးသမီးများ စွန့်ဦးတီထွင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဘက်ပေါင်းစုံ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အမျိုးသမီးနှင့် လူငယ်များကိုယ်တိုင် စွန့်ဦးတီထွင်လုပ်ကိုင်ဆောင်ရွက်လိုသော စိတ်များ နိုးကြားလာစေရန် လိုအပ်ပါသည်။ လေ့လာချက်များအရ အမျိုးသမီးနှင့် လူငယ်များအနေဖြင့် စွန့်ဦးတီထွင်လုပ်ငန်းများ မဆောင်ရွက်ရန် တားဆီးထားသော အခက်အခဲများမှာ စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အတွက် လိုအပ်မည့် ကျွမ်းကျင်မှုနှင့် အသိပညာ၊ အတတ်ပညာ ဗဟုသုတမရှိခြင်း၊ ဆုံးရှုံးမှာ ကြောက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထို့ပြင် ငွေကြေးအရင်းအနှီး အလုံအလောက်ရှိမှသာ လုပ်ငန်းရှင်ဖြစ်နိုင်မည်ဟု ယူဆ၍ လုပ်ကိုင်ဆောင်ရွက်ရန် လက်လျှော့နေကြသည်ကိုလည်း တွေ့ရပါသည်။

**ယနေ့ခေတ် အခွင့်အလမ်းများ**

အရင်းအမြစ်ကိုအခြေခံသည့် အစပျိုးလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှုကို အခြေခံသည့် အစပျိုးလုပ်ငန်းများအတွက် ငွေကြေးအစရှိသည့် အခြေခံအဆောက်အအုံနှင့် ရုပ်ဝတ္ထုပစ္စည်းများ လိုအပ်မှုများသည် အဓိကလိုအပ်ချက်ဖြစ်သည်မှာ မှန်သော်လည်း ယနေ့ခေတ်သည် knowledge ခေတ်ဖြစ်ပြီး အမျိုးမျိုးသော သဘောသဘာဝများ၊ မတူညီသော knowledge / skill ကို အဓိကလိုအပ်သော ဝန်ဆောင်မှုကိုအခြေခံသည့် အစပျိုးလုပ်ငန်းများ (Service-based start-up)၊ အသိပညာကို အခြေခံသည့် အစပျိုးလုပ်ငန်းများ (knowledge-based start-up) နှင့် e-business များကဲ့သို့ အရင်းအနှီး အမြောက်အမြားမလိုသည့် လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းများသည် လူငယ်နှင့် အမျိုးသမီးများ၏ လက်တစ်ကမ်းတွင် ရှိနေသည့်အတွက် ရှုံးမှာကြောက်သည့်စိတ်ကို ကျော်လွှား၍ ကြိုးစားကြရန် လိုအပ်ပါသည်။

**လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်စေခြင်း**

လူငယ်များနှင့် အမျိုးသမီးများ၏ လုပ်ငန်းလုပ်ဆောင်လိုစိတ်အား တွန်းအားပေးနိုင်ရန်နှင့် ရှုံးမှာကြောက်သောစိတ်အား ကျော်ဖြတ်နိုင်ရန်အတွက် အစိုးရများအနေဖြင့် စွန့်ဦးတီထွင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ရရှိရန် ပံ့ပိုးပေးခြင်း၊ စွန့်ဦးတီထွင်မှု ယဉ်ကျေးမှုကို တည်ဆောက်မြှင့်တင်ပေးခြင်း၊ စွန့်ဦးတီထွင်မှု ဆောင်ရွက်လိုစိတ် ဖြစ်ထွန်းလာစေရန် မက်လုံးများ ပေးဆောင်ခြင်း၊ ခွဲခြားဆက်ဆံမှုမပြုခြင်း၊ ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အဆင့်မြင့်ပညာရေးများတွင် စွန့်ဦးတီထွင်မှုပညာများ သင်ကြားစေရန် ပံ့ပိုးပေးခြင်း၊ ရေရှည်တည်တံ့သော စီမံကိန်းများအတွက် စိတ်ပါဝင်စားပြီး အလားအလာရှိသော လူငယ်များအား နည်းပေးလမ်းပြ လမ်းညွှန်မှုပေးခြင်း၊ ဘဏ္ဍာငွေကြေးနှင့် စပ်လျဉ်းသော ပညာရပ်များ သင်ကြားပေးခြင်း၊ ချေးငွေနှင့် အသေးစား ငွေရေးကြေးရေး ရရှိနိုင်စေရန် ပံ့ပိုးပေးခြင်း၊ ငွေကြေးနှင့်အတူ စီးပွားရေးဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**လူငယ်နှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေး**

စက်မှုဝန်ကြီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် လူငယ်များနှင့် အမျိုးသမီးများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန် ကြိုးစားပေးနေသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံတော်ဝန်ကြီးချုပ်၏ **“နိုင်ငံအနာဂတ်ဖြစ်သည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းအားပေးရမည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားချက်နှင့်အညီ လူသားအရင်းအမြစ်ကောင်းများဖြစ်သည့် လူငယ်နှင့် အမျိုးသမီးများအား လုပ်ငန်းရှင်များဖြစ်လာ၍ အစပျိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လာနိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ပြီး နိုင်ငံတကာတွင် ကျင့်သုံးသော မူဝါဒများနှင့်အညီ ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဤကဲ့သို့ လူငယ်နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်တွင်းရှိ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အလုပ်လက်မဲ့နှုန်း လျော့ကျလာခြင်းကြောင့် ဆင်းရဲချမ်းသာ ကွာဟမှု နည်းပါးလာကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**လူငယ်နှင့် အမျိုးသမီးများ စွန့်ဦးတီထွင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ဘက်ပေါင်းစုံ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အမျိုးသမီးနှင့် လူငယ်များကိုယ်တိုင် စွန့်ဦးတီထွင်လုပ်ကိုင်ဆောင်ရွက်လိုသော စိတ်များ နိုးကြားလာစေရန် လိုအပ်ပါသည်။ လေ့လာချက်များအရ အမျိုးသမီးနှင့် လူငယ်များအနေဖြင့် စွန့်ဦးတီထွင်လုပ်ငန်းများမဆောင်ရွက်ရန် တားဆီးထားသော အခက်အခဲများမှာ စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ယောက်အတွက် လိုအပ်မည့်ကျွမ်းကျင်မှုနှင့် အသိပညာ၊ အတတ်ပညာဗဟုသုတ မရှိခြင်း၊ ဆုံးရှုံးမှာကြောက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်**

# ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ယမန်နှစ်ကဲ့သို့ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနိုင်ရန် ဖွင့်လှစ်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပင်လယ်ကမ်းခြေ အပန်းဖြေခရီးစဉ်များ အနက် ခရီးသွားအများစုဝင်ရောက်ရာ ငပလီကမ်းခြေတွင် ယမန်နှစ်ကဲ့သို့ ဆောင်းဦးပွဲတော်ကို ခရီးသွားများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲနိုင်ရန် နိုဝင်ဘာ ဒုတိယပတ်နှင့် တတိယပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က "ဒီနှစ်မှာ ငပလီ အပန်းဖြေစခန်းသာမက မာန်အောင်ကျွန်းကိုလည်း သွားရောက်အပန်းဖြေကြမယ့်ခရီးစဉ်တွေ ရှိနေတယ်လို့ ကြားရပါတယ်။ ခရီးစဉ်အသစ်နဲ့ ပတ်ဝန်းကျင်အသစ်မှာ မြန်မာပြည်သူတွေ စိတ်လက်ပေါ့ပါးစွာ ခရီးသွားအပန်းဖြေမှုကို ကြိုဆိုပါတယ်။ ငပလီမှာ နိုင်ငံခြားခရီးသွားတွေ အရင်လောက်မများပေမယ့် ဝင်ရောက်နေဆဲဖြစ်တာကြောင့် ကမ္ဘာ့ခရီးသွားကဏ္ဍမှာ မြန်မာနိုင်ငံက ငပလီကမ်းခြေကို အသိအမှတ်ပြုထားဆဲ တွေ့ရတာဟာ ဂုဏ်ယူစရာပါ။ ပွင့်လင်းရာသီ ဆောင်းဦးပွဲတော်မှာ အပန်းဖြေခရီးသွားတွေ ပျော်ပျော်ရွှင်ရွှင်စည်စည်ကားကားနဲ့ ပါဝင်ဆင်နွှဲနိုင်အောင် နိုဝင်ဘာဒုတိယပတ်မှာဖြစ်စေ၊ တတိယပတ်မှာဖြစ်စေ ဖွင့်လှစ်ဖို့ ပြင်ဆင်နေပါတယ်" ဟု ပြောသည်။

### ခရီးသွားအများဆုံးဝင်ရောက်၍ အလုပ်အကိုင်များပွင့်လန်းခဲ့

ယမန်နှစ် ပွင့်လင်းရာသီ နိုဝင်ဘာ ၁၄ ရက်က ငပလီကမ်းခြေ၌ ဆောင်းဦးပွဲတော်ကို ပထမဆုံးအကြိမ် ဖွင့်လှစ်ခဲ့ရာ အပန်းဖြေခရီးသွားများ အထူးနှစ်ခြိုက်ခဲ့ကြပြီး လေကြောင်းလိုင်းများ ပုံမှန်ထက် ပိုမိုပြေးဆွဲခဲ့ရသည့်အပြင် ကုန်းလမ်းခရီးမှလည်း ခရီးသွားများ တစ်ဖွဲဖွဲဝင်ရောက်ခဲ့သည်။ ဖွင့်လှစ်သောဟိုတယ်များ အခန်းပြည့်ခဲ့သောကြောင့် နေအိမ်များမှ အစားအသောက်များကို ချက်ပြုတ်ပေးရသည်အထိ ခရီးသွားများစည်ကားခဲ့ပြီး သင်္ကြန်ကာလတွင် ခရီးသွား အများဆုံးဝင်ရောက်ခဲ့သည်။ မတ်လမှစ၍ သီတင်းကျွတ်၊ တန်ဆောင်တိုင်အထိ တစ်ဆက်တည်း ခရီးသွားဝင်ရောက်ခဲ့သော ငပလီတွင် ဆောင်းဦးပွဲတော်မှစ၍ စည်ကားခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ခုနှစ်ခရီးသွားရာသီတွင် ငပလီသည် အပန်းဖြေခရီးသွားအများဆုံးဝင်ရောက်ခဲ့ရာ ခရီးသွားဒေသတစ်ခုအဖြစ် ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများ၊ ဟိုတယ်များနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

ယမန်နှစ် ဆောင်းဦးပွဲတော်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အပန်းဖြေခရီးသွားများ ပျော်ရွှင်စေရန် သဲသောင်ပြင်ဘော်လီဘောပွဲ၊ ချောတိုင်တက်ပွဲ၊ လွန်ဆွဲပွဲ၊ သဲပန်းချီပြိုင်ပွဲ၊ မီနီမာရသွန်ပြေးပွဲ၊ စက်ဘီးစီးပြိုင်ပွဲနှင့် ညပိုင်းတွင် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် ငပလီကမ်းခြေ အပန်းဖြေစခန်း၏ ခရီးသွားရာသီကို အောင်မြင်စည်ကားစွာ ဖွင့်လှစ်ခဲ့သည်။

### သဲသောင်ပြင်ပျော်ပွဲရွှင်ပွဲများဖြင့်ကြိုဆိုနေ

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားချိန်မှစ၍ ပြည်တွင်းခရီးသွားကဏ္ဍနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေလုပ်ငန်းများ ယာယီရပ်နားခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာ့ခရီးသွားကဏ္ဍ ပြန်လည်သက်ဝင်ခဲ့သောကြောင့် ပြည်တွင်း၌ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ပွင့်လန်းလာချိန်တွင် ယခုလို ပွင့်လင်းရာသီအတွင်း ငပလီကမ်းခြေသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ စိတ်အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေ အနားယူနိုင်ရန် သဲသောင်ပြင်ပျော်ပွဲရွှင်ပွဲများဖြင့် ကြိုဆိုနေကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**



# ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

**ယင်းမာပင် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ်သည် လက်ရှိနယ်မြေဒေသအခြေအနေအရ လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိသော မြို့နယ်ဖြစ်သော်လည်း ကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများအား လျှောက်လွှာများ ကြိုတင်ဖြည့်သွင်းစေပြီး မြို့နယ်လဝကရုံးသို့ ဖိတ်ခေါ်ကာ ပန်းခင်းစီမံချက်အဆင့် (၂) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်လဝကရုံး တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ လုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ရင်ပေါင်တိုင်ကျေးရွာအုပ်စု၊ ကုန်းရွာကျေးရွာအုပ်စု၊ လက်လှုပ်ကျေးရွာအုပ်စု၊ စုန်းကျင်းကျေးရွာအုပ်စုနှင့် စည်လှောင်ကျေးရွာအုပ်စုတို့မှ ပြည်သူ ၁၀၄ ဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ် ၁၀၄ ကတ်ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ အဲကွန်း အပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွား

**မြစ်ကြီးနား နိုဝင်ဘာ ၁၀**

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ (၈) ၌ နေ့ညမပြတ် အဲကွန်းဖွင့်ထားရာမှ အဲယားကွန်း အပူလွန်ကဲမှုကြောင့် နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီက အဆောက်အအုံ နှစ်လုံးမီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွန်ပျူတာ၊ ဓာတ်ပုံဆိုင် ဆိုင်ခန်းအတွင်း နေညမပြတ် အဲကွန်းဖွင့်ထားရာမှ အဲကွန်းအပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်း ပြီး အနီးရှိထရံသို့ ကူးစက်ခဲ့ကာ မီးလောင်မှုကြောင့် ကွန်ပျူတာ၊ ဓာတ်ပုံဆိုင် သွပ်မိုး၊ ထရံကာတစ်ထပ် အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အုပ်ညှပ်အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း ဦးဆောင်၍ သန္နေ ၃၀၊ အရန်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးငြှိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် နှစ်စီး၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြောင်းနှင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တာမွေမြို့နယ်မှ ဝရန်တာပြိုကျမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံကို ဒုတိယမြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**တာမွေ နိုဝင်ဘာ ၁၀**

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်မင်္ဂလာလမ်း၌ အောက်တိုဘာ ၁၅ ရက်က တိုက် အနောက်ဘက်ဝရန်တာပြိုကျမှု ဖြစ်ပွားခဲ့သည့် အဆောက်အအုံကို ဒုတိယမြို့တော်ဝန် ဦးညီညီက နိုဝင်ဘာ ၁၀ ရက်တွင် မြေပြင်ကွင်းဆင်း စစ်ဆေးသည်။



ဒုတိယမြို့တော်ဝန်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက တိုက်အနောက်ဘက်ဝရန်တာပြိုကျမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံနှင့်ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များကို တင်ပြပြီး ဒုတိယမြို့တော်ဝန်က အဆိုပါ အဆောက်အအုံသည် အန္တရာယ်ရှိအဆောက်အအုံဖြစ်သဖြင့် ဆက်လက်လူနေထိုင်ခွင့်မပြုရန်၊ အဆောက်အအုံကို အသစ်ပြန်လည်တည်ဆောက်နိုင်ပါက အသစ်ပြန်လည်တည်ဆောက်ရန်နှင့် အသစ်ပြန်လည်မတည်ဆောက်နိုင်ပါက အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပြီးမှ နေထိုင်ခွင့်ပြုရန် မှာကြားခဲ့သည်။

အဆိုပါ အဆောက်အအုံမှာ နှစ်ခန်းတွဲ၊ ငါးထပ်တိုက် (ဟောင်ကောင်) အမျိုးအစားဖြစ်ပြီး အခန်းအရေအတွက် ၁၀ ခန်းရှိကာ လွန်ခဲ့သော ၃၂ နှစ်ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# လယ်ဝေးမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မေချိုမီမောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ လယ်ဝေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးရှိသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး ဗလ ငါးတန်နှင့်ပြည့်စုံသည့် လူငယ်များအဖြစ် အနာဂတ်နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးနိုင်ရန်၊ မိမိတို့၏ ဉာဏ်ပညာဖြင့် အမှားအမှန်ကို ခွဲခြားနိုင်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်နှင့် မိမိအမျိုးဘာသာသာသနာကို တန်ဖိုးထားမြတ်နိုးတတ်စေရန်အတွက် လူငယ်စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အ.ထ.က(၁) လယ်ဝေး Grade 8(A) မှ မမေပြည့်စုံထွန်းက လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ Grade 11 (A) မှ မအေးဘုန်းပြည့်ဖြိုး က လူငယ်နှင့်မီဒီယာ၊ Grade 10 (A) မှ မသုဝေစံ က လူငယ်နှင့်စာရိတ္တ၊ Grade 8 (B) မှ မသင်းစုစုဇော်က လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ အ.ထ.က(၁) လယ်ဝေးမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပြီး အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဝေကြည်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်နေ တင်ဇာမိုးဝင်း(ခ) သဉ္ဇာဦးသည် ၎င်းအသုံးပြုသည့် “Tinzar Moe Win” Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လဟာဂမုံကျေးရွာနေ ခင်မောင်စိုးသည် ၎င်းအသုံးပြုသည့် “Khin Mg Soe” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

***ကျောဖုံးမှ***


အကြမ်းဖက်သမား အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦးတို့က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ ယင်းနောက် မဟန်နွေဦး၏ မိသားစုဝင်များနှင့် ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်ကာ နေအိမ်အတွင်းရှိ ဆွဲကြိုး တစ်ကုံး၊ နားကပ် တစ်ရံ၊ လုပ်ငန်းသုံးနှင့် ဝန်ထမ်းများ၏ လက်ကိုင်ဖုန်းရှစ်လုံးတို့အား ယူဆောင်ပြီး မဟန်နွေဦးကို ရေစကြိုမြို့နယ် ဥက္ကံကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ သတင်းဆက်စုံစမ်းမေးမြန်းခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာ နယ်မြေတည်ငြိမ် အေးချမ်းမှုကို လိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများအရ မဟန်နွေဦးအား မြိုင်မြို့နယ်အတွင်းရှိ ကျောက်ဆောက်တမံ (ဒေသအခေါ်)တောင်ရှာဆည် ရှင်းလင်းဆောင်တွင် ဖမ်းဆီးထားကြောင်း သိရှိရသည်။

အဆိုပါနေရာသို့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များပါဝင်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့် သွားရောက်ပြီး ဝင်ရောက်စီးနင်း ရှာဖွေကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ရာ NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် အနောက်ဘက်နှင့် အနောက်တောင်ဘက်တို့သို့ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကာ မဟန်နွေဦးအား ဘေးကင်းလုံခြုံစွာဖြင့် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဟန်နွေဦးအား ဖမ်းဆီးချုပ်နှောင်ခဲ့သည့် တောင်ရှာဆည်ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားခြိမ်းခြောက်ဖမ်းဆီးခြင်းခံခဲ့ရသည့် အမျိုးသမီးတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ပြန်လည်ကယ်တင်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ။






မဟန်နွေဦးအား PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုကို တွေ့မြင်ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် မဟန်နွေဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့မှုကို တွေ့မြင်ရစဉ်။

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များကို အတင်းချုပ်နှောင် ဖမ်းဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင်ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် **ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါ စစ်ရာဇဝတ်မှုများအတွက်အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး** လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှု သတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြား၍ ရပ်ရွာအေးချမ်းသာယာရေး ပူးပေါင်း ဆောင်ရွက်ကြပါရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

---

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် နိုဝင်ဘာ ၁၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ နမ့်စန်မြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မိုး/ဇလ**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၆၉ ဆူ | ၂၅၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၂ ခန်း | ၃၉၃ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၇ တိုင် | ၃ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၉ ခု | ၅၃၃ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၁၈ ကျင်း | ၁၅၉၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၁၀ စုံ | ၂၉၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**




## မွေးသက္ကရာဇ်အမှန်

ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ ဦးစိန်လှ၏သား မောင်မင်းမြတ်သူ ၁၁/ကဖန(နိုင်)၁၄၅၁၉၉ ၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၆-၂၀၀၃ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စန္ဒာအောင် ၁၁/သတန(နိုင်)၀၄၉၀၄၅၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၅၁၅၂၈၇

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ပုံကျွန်းရပ်၊ ဗဟိုရိလမ်းသွယ်၊ အမှတ် (၅၇၀/ခ)နေ ဦးဌေးအောင်၏သမီးဖြစ်သူ မချိုချိုလွင် ၆/ထဝန(နိုင်)၁၄၇၆၂၇နှင့် မကေခိုင်လွင် တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မချိုချိုလွင်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁စယ/၁၈၂၆၉, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းကြည် ၁၃/တကန(နိုင်)၀၁၅၄၄၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (တောင်ကြီး)

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးကြည်စံ ၁၃/ပလတ(နိုင်)၀၁၂၂၅၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၅၃၇၆၆

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်ရွှေမြို့၊ တိလောကျေးရွာအုပ်စု၊ ညောင်ရွှေ-အေးသာယာကားလမ်းပေါ်ရှိ ဦးလှိုင်ဟိန်း ၁၃/ညရန(နိုင်)၀၅၇၂၂၆ အမည်ပေါက်ပိုင်ဆိုင်သော DIAMOND MOUNTAIN HOTEL & RESORT အား အပြီးအပိုင် ရောင်းချပြီးဖြစ်သဖြင့် ပိုင်ရှင်သစ်ဖြစ်သော ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၁၃၁၆၄၀မှ Hotel လုပ်ငန်းလိုင်စင် အမည်ပြောင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အထောက်အထားစုံလင်စွာဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၁၃၁၆၄၀
အမှတ် (၉၃)၊ မြယမုံစမ်းရိပ်မြိုင်လမ်း၊ ၂၆ ရပ်ကွက်၊
ဒဂုံတောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၂၃၆၇၄

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းကွေဆူ ၁၃/ပလတ(နိုင်)၀၁၂၃၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၉၅၃၇၆၆

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၇) Grade-11(A)မှ မပန်းမြတ်သီရိအောင်အား ယနေ့မှစ၍ မပန်းမြတ်သီရိဟု ပြောင်းလဲခေါ် ပါရန်။

မပန်းမြတ်သီရိ

## ပြင်ဆင်ဖတ်ရှုပါရန်

(၂-၁၁-၂၀၂၂)ရက်ထုတ် မြန်မာ့အလင်း သတင်းစာ ကြော်ငြာစာမျက်နှာ(၂၈)တွင် ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ခင်ခင်ဝါ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်းတွင် ခြေရင်းခြမ်းရှိ တတိယထပ်(၄လွှာ)အစား ခေါင်းရင်းခြမ်းရှိ တတိယထပ် (၄လွှာ)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/2527, Toyota Hilux Vigo KUN15 Pickup(4xx2)R Extra Cab ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၈/ခမန(နိုင်)၀၈၀၄၆၆က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/38625, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာထွန်း ၁၄/ဟသတ(နိုင်) ၂၆၉၆၇၃က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

## တောင်ကြီးတက္ကသိုလ်
## (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ၂၀၂၁ခုနှစ် ဇွန်လ၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ၂၀၂၂ခုနှစ် မတ်လ/ဧပြီလ နှင့် ၂၀၂၂ခုနှစ် ဩဂုတ်လတို့တွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူးဘွဲ့)၊ သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ ဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့ အောင်မြင်ကြသူများသည် တောင်ကြီးတက္ကသိုလ်၏ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| တက်ရောက်ဘွဲ့ကြေး | - | ကျပ်-၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - | ကျပ် -၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၈-၁၁-၂၀၂၂ရက်မှ ၂၂-၁၁-၂၀၂၂ရက်အထိ |

**မှတ်ချက်**

(၁) သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ပြီး လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာ ဝတ်ဆင်ပြီး သပ်ရပ်စွာ ရိုက်ကူးထားသော (၂" x ၁.၅") ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို တောင်ကြီးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာ ဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီး တစ်နှစ်ကြာမှသာ ဘွဲ့လက်မှတ်များထုတ်ပေးမည်ဖြစ်ပါသည်။
(၇) ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။
(၈) အသေးစိတ်အချက်အလက်များကို တောင်ကြီးတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၈၁-၂၁၂၁၀၉၀ တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး
သင်တန်းရေးရာ
တောင်ကြီးတက္ကသိုလ်

## တောင်ကြီးတက္ကသိုလ်(အဝေးသင် သင်တန်း)
## (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

တောင်ကြီးတက္ကသိုလ်(အဝေးသင် သင်တန်းမှ)မှ ၂၀၁၉-ပညာသင်နှစ်၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့၌ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေပညာဘွဲ့ စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသူများနှင့် ၂၀၂၂-ပညာသင်နှစ် ၂၀၂၂ဧပြီလ၊ မေလနှင့် ဇွန်လတွင် ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေပညာဘွဲ့ စာမေးပွဲကို ဖြေဆို အောင်မြင်ကြသူများသည် တောင်ကြီးတက္ကသိုလ် (အဝေးသင် သင်တန်း)၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်၌ ဘွဲ့တက်ရောက်ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| တက်ရောက်ဘွဲ့ကြေး | - | ကျပ်-၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - | ကျပ် -၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၈-၁၁-၂၀၂၂ရက်မှ ၂၅-၁၁-၂၀၂၂ရက်အထိ |

**မှတ်ချက်**

(၁) သတ်မှတ်လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်စွက်ပြီး လျှောက်ထားရမည်။
(၂) လွန်ခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)၊ နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်ပြီး သပ်ရပ်စွာ ရိုက်ကူးထားသော (၂" x ၁.၅") ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။
(၃) သတ်မှတ်ဘွဲ့ကြေးများကို တောင်ကြီးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။
(၄) ရပ်ဝေးမှ ပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း" ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာရပ် စသည်များကိုလည်း တိကျစွာဖော်ပြလျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
(၅) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်။
(၆) တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။
(၇) ၂၀၁၉ ပညာသင်နှစ် မတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေပညာဘွဲ့ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၈) အသေးစိတ်အချက်အလက်များကို တောင်ကြီးတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၈၁-၂၁၂၂၁၆၂ တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး
သင်တန်းရေးရာ
တောင်ကြီးတက္ကသိုလ်

## အမည်ပြောင်း

ဦးအောင်ကိုကိုမြင့်၏သမီး ချောင်းသာမြို့ အမက(၈)Grade-1(D)မှ မကေရီအောင်အား မကေရီဟု ပြောင်းလဲခေါ်ပါရန်။

မကေရီ

## အမည်ပြောင်း

ဦးအောင်ကိုကိုမြင့်၏ သား ချောင်းသာမြို့ အမက(၈) Grade-1(D)မှ မောင်ထင်အောင်ကျော်အား မောင်တော်ဝဏ်မင်းညွန့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်တော်ဝဏ်မင်းညွန့်အောင်

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးဝင်းမောင် (၁၂/မဂဒ(နိုင်)၀၄၀၂၂၂)(ISN-489376) အမည်ပေါက်သည့် ရွှေပေါက်ကံမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၂)၊ မြေကွက်အမှတ်(၅၄၄)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိပါမစ်မြေအမျိုးအစားမြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း)(၂၀x၆၀)ပေရှိပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးမျိုးနိုင် (၁၂/မရက(နိုင်)၁၇၂၇၆၆)က အရပ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကိုကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင့်စန္ဒီအောင်(စဉ်-၁၁၁၄၆)
အထက်တန်းရှေ့နေ
အမှတ်(၁၇၉)၊ သစ္စာ(၉)လမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၉၅၆၈၂၉၅၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
## ပုသိမ်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၃

ရေပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော **နှင့်** ဒေါ်နွေးနွေးကျော်
ကုမ္ပဏီလီမိတက်
(၎င်း၏ကိုယ်စားမန်နေဂျာ ဦးခင်ဝင်း)

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအိမ်ရာ၊ တိုက်အမှတ်-၃၊ အခန်း-(၅၀၃)နေ ဒေါ်နွေးနွေးကျော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရေပုသိမ်ဖွံ့ဖြိုးမှုအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(၎င်း၏ကိုယ်စားမန်နေဂျာ ဦးခင်ဝင်း)က ဆန်ဖိုးကျန်ငွေ (၁၇၄၆၂၆၀၀၀/-)ကျပ်နှင့် နစ်နာကြေးငွေ (၁၀၀၀၀၀၀၀/-)ကျပ် စုစုပေါင်း (၁၈၄၆၂၆၀၀၀/-)ကျပ်တိတိ ရလိုမှုနှင့် တရားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီလွင်)
ဒုတိယခရိုင်တရားသူကြီး (၂)
ပုသိမ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကလောခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၆

ဒေါ်နန်းထူးထူး **နှင့်** ဒေါ်မြမြအေး
အမှတ်(၈၃)၊ ဇောတိကလမ်းသွယ်၊
ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့

**တရားလို** **တရားပြိုင်**

အထက်ပါအမှု၏တရားပြိုင် ဒေါ်မြမြအေး၊ ညောင်ပင်ထောင်ရပ်ကွက်၊ အောက်ဈေးလမ်း၊ ဘူတာရုံးတောင်ဘက်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့နေ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းထူးထူးက အိမ်နှင့်ခြံမြေစာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၂ရက် (၁၃၈၄ခုနှစ် တန်ဆောင်မုန်းလကွယ်) နံနက် ၁၀နာရီတွင် တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘုန်းမော်)
ခရိုင်တရားသူကြီး
ကလောခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉၁

ဦးအောင်ကိုမြင့် **နှင့်** ကိုနိုင်လင်းအောင်

**တရားလို** **တရားပြိုင်**

ကိုနိုင်လင်းအောင်(ဘ)ဦးဟန်ညွန့်၊ တိုက်အမှတ် (၂၃၁၀၁)၊ အပေါ်ထပ်၊ ရတနာမဥ္ဇူလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်မှ အလွဲသုံးစားပြုလုပ်လိမ်လည်ရယူသွားသည့် တရားလို၏ ကုမ္ပဏီပိုင်ငွေကျပ် (၁၉၉၁၅၀၁၀၄)နှင့် နစ်နာကြေးငွေ (၂၀၀၀၀၀၀၀၀)၊ စုစုပေါင်းငွေကျပ် (၃၉၉၁၅၀၁၀၄)တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန္တာညွန့်)
ဒုတိယခရိုင်တရားသူကြီး (၃)
ပျဉ်းမနားခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ငဖဲမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈

ဒေါ်သူဇာလင်း **နှင့်** ဒေါ်အိမွန်ဝင်း

**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာ၊ အမှတ် (၂)ရပ်ကွက်နေ (ဘ)ဦးထွန်းဝင်း၏သမီးဖြစ်သူ ဒေါ်အိမွန်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သူဇာလင်းက ချေးငွေ (၂၇၀၀၀၀၀၀/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဘက်စီဘာ)
မြို့နယ်တရားသူကြီး
ငဖဲမြို့နယ်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း
## School of Industrial Training and Education (SITE)
## သင်တန်းသားသစ်များခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE)တွင် ကာလတိုသင်တန်းများဖြစ်သည့် အောက်ဖော်ပြပါသင်တန်းများအား ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပါသည်။

၁။ **ဖွင့်လှစ်သင်ကြားမည့် သင်တန်းများ**

(က) Certificate in Industrial Technologies

(ခ) Certificate in Woodworking

၂။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်–

အမှတ်စဉ်(က) သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများ၊ G.T.H.S ( EcT, ET, IT ) နှင့် A.G.T.I (EC, EP, Mech, IE ) သင်တန်းတက်ရောက် အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

အမှတ်စဉ်(ခ) သင်တန်းအတွက် လျှောက်ထားသူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သည့် မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်သူများနှင့် G.T.H.S (BT) နှင့် G.T.I(Civil) သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။

၃။ သင်တန်းအားလုံးအတွက် လျှောက်ထားသူများသည် နည်းပညာနှင့်သက်မွေးလုပ်ငန်း သဘောနှင့်လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ ပဏာမရွေးချယ်ခံရပြီးသူများ Interview ဖြေဆိုရမည်ဖြစ်သည်။ သင်တန်းကာလ(၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ၊ သက်ဆိုင်ရာ အောင်လက်မှတ်မိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ကျန်းမာကြောင်းထောက်ခံချက်မူရင်းနှင့် ရဲစခန်းထောက်ခံစာမူရင်းတို့အား ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး လျှောက်ထားသည့်အချိန်တွင် သက်ဆိုင်ရာအောင်လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့အား တစ်ပါးတည်းတင်ပြနိုင်ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိပါက (၁)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်၊ ရဲစခန်းထောက်ခံစာနှင့်တကွ ပူးတွဲလျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| ၅။ **သင်တန်းဖွင့်လှစ်မည့်ရက်** | – | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၅ ) ရက် |
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | – | စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း (SITE) နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| **ဆက်သွယ်စုံစမ်းရန်ဖုန်း** | – | ၀၁–၅၅၇၃၇၂၊ ၀၁–၅၅၆၅၈၃၊ ၀၁–၅၄၄၉၄၉ |

